ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလကွယ်နေ့၊ သောကြာနေ့ (4-10-2013) (၇၆၂၃)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃-၁၀-၂၀၁၃)

လှည်းကူး	၄ ဒသမ ၅၇	လက်မ
ရွှေစာရံ	၄ ဒသမ ၄၉	လက်မ
မန္တလေး	၃ ဒသမ ၁၉	လက်မ
စဉ့်ကိုင်	၃ ဒသမ ၁၂	လက်မ
အမရပူရ	၂ ဒသမ ၈၂	လက်မ
မတ္တရာ	၂ ဒသမ ၆၈	လက်မ
စဉ့်ကူး	၂ ဒသမ ၅၈	လက်မ

ရခိုင်ပြည်နယ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများပိုင်ဆိုင်ထား

နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ်စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ ဗန္ဓုလရိပ်သာဧည့်ခန်းမ၌ စစ်တွေမြို့မှ ရခိုင်တိုင်းရင်းသား မြို့မိမြို့ဖများ၊ အစ္စလာမ်လူမှုရေးခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒနှစ်ခုဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုလုပ်ငန်းစဉ်များကို အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ ပြည်သူများကပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်အဖြစ် စီးပွားရေးအခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး မိမိတို့လိုအပ်နေသော အရင်းအနှီး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေရှိကြောင်း။

ရခိုင်ပြည်နယ်တွင်လည်း ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ သို့သော် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမရနိုင်သည်ကို သတိပြုရန်လိုကြောင်း။

ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်သကဲ့သို့ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ သွေးထိုးမြှောက်ပင့်မှုများကို ဉာဏ်အမြော်အမြင်ဖြင့် စဉ်းစားဆင်ခြင်သုံးသပ်ရန်လိုကြောင်း၊ ပြဿနာများကို မှန်ကန်သော နည်းလမ်းဖြင့်ဖြေရှင်းရန် အရေးကြီးကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမရှိပါက အကျိုးထက်အပြစ်က ပိုများမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စစ်တွေမြို့တွင် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ဒုက္ခသည်များအား စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ဖြူလေဆိပ်ဧည့်ခန်းမ၌ ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပတ်သက်၍ အကြံပြုချက် တောင်းခံခြင်းနှင့် ဆောင်ရွက်မှုအခြေအနေကို သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ

သတင်းထုတ်ပြန်ချက် (၁/၂၀၁၃)

၂၀၁၃ ခုနှစ် အောက်တိုဘာလ (၃)ရက်

၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော်(၁၄)ရက်

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ပတ်သက်၍ အကြံပြုချက် တောင်းခံခြင်းနှင့် ဆောင်ရွက်မှုအခြေအနေကို သတင်းထုတ်ပြန်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီသည် (၂၃-၈-၂၀၁၃) ရက်နေ့တွင် တစ်ကြိမ်၊ (၃၀-၉-၂၀၁၃) ရက်နေ့တွင် တစ်ကြိမ် အစည်းအဝေးကို နှစ်ကြိမ်ကျင်းပ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း(၃)ခုနှင့် စပ်လျဉ်း၍ အတည်ပြုဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားရှင်းလင်းခြင်း၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက ဆွေးနွေးခြင်းများပြုလုပ်ပြီး တစ်ပိုဒ်ချင်းစီ အလိုက် လွှတ်တော်၏ဆန္ဒရယူဆောင်ရွက်သည်။

ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ပုဒ်မ ၂ ၌ စကားရပ်ပြင်ဆင်ရန်နှင့်ပုဒ်မ ၃ နှင့်ပုဒ်မ ၄ ကို နိုင်ငံတော်သမ္မတ၏သဘောထားမှတ်ချက်အတိုင်း အတည်ပြုသင့်ကြောင်း ဖော်ပြပါရှိပြီး အပိုဒ် ၂ ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းထားရှိရန်နှင့် အပိုဒ် ၃ နှင့်အပိုဒ်၄ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်းထားရှိရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

အလားတူ **ဆက်သွယ်ရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားရှင်းလင်းခြင်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက ဆွေးနွေးခြင်းများ ပြုလုပ်ပြီး စာမျက်နှာ ၇ ကော်လံ ၁ သို့

ကြေးမုံ စာတည်းရှုထောင့် ၄-၁၀-၂၀၁၃၊ သောကြာနေ့

ဝတ်စားဆင်ယင် မြတ်နိုးကြင်

"တောင်းမှာအကွပ် လူမှာအဝတ်" ဟုဆိုရိုးစကားရှိပါသည်။ ဝတ်စားဆင်ယင်နေထိုင်တတ်မှုသည် လူတို့အတွက် သီးသန့်ယဉ်ကျေးမှု။ သက်ရှိကမ္ဘာတွင်သဘာဝက တိရစ္ဆာန်များကို အပူ၊ အအေးရာသီလိုက်၍ အရေထူ၊ အရေပါး၊ အမွေးထူ၊ အမွေးပါးဟူ၍ ဖန်တီးပေးထားတတ်သည်။ အေးမြသော ရေခဲပြင်နေ သက်ရှိများအတွက် အရေထူ၊ အမွေးထူခြင်းသည် သဘာဝ၏လက်ဆောင်မွန်။ ပူပြင်းလွန်းသော အီကွေတာရပ်ဝန်းဒေသများတွင် လိုက်လျောညီစွာ သဘာဝ၏ ပြုပြင်ပေးထားမှု။

သတ္တလောကတွင် အသိဉာဏ်မြင့်မားသော လူသားများအတွက် သဘာဝက မျက်နှာလွှဲခဲပစ်လုပ်ထားသလား။ တစ်ခါတစ်ရံ သဘာဝတရား၏ စမ်းသပ်မှုကိုတောင် လူတွေရင်ဆိုင်နေကြရသည်။ အပူ၊ အအေးမှ ကာကွယ်ဖို့အတွက် အပေါ်ရုံအဝတ်အထည်များကို ဖန်တီးကြရသည်။

လူနှင့်တိရစ္ဆာန်နယ်ပယ်ကို စည်းခြားပေးထားသည်။ "ဟီရိဩတ္တပ္ပ" ရှက်ခြင်း၊ ကြောက်ခြင်းတရားနှစ်ပါးကြောင့် လူတို့သည်အဝတ်အထည်များကို ဝတ်ဆင်လာကြရသည်။ နေရာ၊ ဒေသ၊ ရာသီဥတုကိုလိုက်၍ ကွဲပြားခြားနားမှုသာလျှင်ရှိမည်။ လူမှန်သမျှ ဖုံးဖုံးဖိဖိ ဣန္ဒြေရရနှင့်လုံလုံခြုံခြုံဝတ်စားဆင်ယင်ကြရသည်သာ။

လူ့သမိုင်း၏ ခေတ်ရေစီးကြောင်း အမျိုးမျိုးပြောင်းလဲလျက်ရှိနေလည်း ရာသီဥတုကိုလိုက်၍၊ နေရာဒေသကိုလိုက်၍ ဝတ်စားဆင်ယင်ပြုကြရသည်မှာ မပြောင်းလဲပါ။ သို့သော် လူ့သဘာဝအရ အတုမြင်အတတ်သင်ပြုမှုတတ်ကြသည်။ တစ်ချိန်က မိမိတို့နိုင်ငံဝတ်စားဆင်ယင်မှုကို အိန္ဒိယယဉ်ကျေးမှုအရိပ်လွှမ်းမိုးခဲ့သည်။ ဘုရားကျောင်းကန်များမှ ရှေးဟောင်းလက်ရာများအရ သိနိုင်သည်။ နယ်ချဲ့များကြီးစိုးသောခေတ်၊ အနောက်တိုင်းဒီဇိုင်းများလွှမ်းမိုးခဲ့သည်။ သို့သော် လုံးလုံးလျားလျားပြောင်းလဲသွားခြင်းမျိုးမဟုတ်ခဲ့ပါ။ အရိုးကိုအရွက်ဖုံးရုံသာ မူလဒေသ၏ ဝတ်စားဆင်ယင်မှုအပေါ် အားဖြည့်ပေးမှုတစ်ရပ်သာရှိခဲ့သည်။

ယခုအာရှ၏ စံပြုစရာဖြစ်နေသည့် ကိုရီးယားဝတ်စားဆင်ယင်မှု။ ခေတ်လူငယ်များကြားမှာ လွှမ်းမိုးနေရာယူလာနေသည်။ ခေတ်ရေစီးကြောင်း၏ သဘာဝကို တား၍မရနိုင်ပါ။ ယဉ်ကျေးမှုဟူသည် ခြံစည်းရိုးကာ တားဆီး၍ရသည့် အရာမဟုတ်။

သို့သော် ထိုသို့သောအတုမြင်အတတ်သင် ဝတ်စားဆင်ယင်မှုသည် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့်အတူ ပွင့်လင်းလာသည်ဆိုငြားလည်း မိမိ၏အရွယ်၊ မိမိ၏တာဝန်နှင့် ဆီလျော်စွာဝတ်စားဆင်ယင်မှုပြုသင့်ပါသည်။ ဒူးနေရာဒူး၊ တော်နေရာတော်ဖြစ်နေသင့်ပါသည်။ "ကာလံဒေသံ" ရွေးချယ်ဝတ်ဆင်သင့်ပါသည်။

တစ်လောက တွေ့ဆုံပွဲ အခမ်းအနားတစ်ခုကို သတင်းစာမျက်နှာမှာ တွေ့လိုက်ရသည်။ လူငယ်လေးများ၏ ဝတ်စားဆင်ယင်ထားမှုသည် နေရာဒေသနှင့်မဆီလျော်သလို ခံစားမိသည်။ လူငယ်သဘာဝ လွတ်လွတ်လပ်လပ်အခွင့်အရေးတစ်ရပ်ဆိုငြားလည်း သူ့နေရာနှင့်သူ လိုက်ဖက်တင့်တယ်စွာ ဝတ်စားဆင်ယင်သင့်သည်ဟု ထင်မြင်ယူဆမိသည်။

တစ်ဖက်မှာ "သားသမီးမကောင်း မိဘခေါင်း" ဆိုသလို ဤကလေးများကို ထိန်းကျောင်းပဲ့ပြင် လမ်းမှန်ညွှန်ပြပေးကြရမည်မှာ ဆရာသမား မိဘအုပ်ထိန်းသူများ၏ တာဝန်ဖြစ်ပေသည်။

"ဝတ်စားဆင်ယင် မြတ်နိုးကြင် ချစ်ခင်ရှာပေ တို့ဖေဖေ" ဟူသည့် ငယ်စဉ်က သံပေါက်အတိုင်း မိဘအုပ်ထိန်းသူတို့က ဝတ္တရားမပျက် ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း။ ။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) မိတ်ဆက်တင်ပြခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

ဝန်ကြီးဌာနအနေဖြင့် အမျိုးသား အမျိုးသမီး တန်းတူညီမျှ ဖြစ်ရေးနှင့် အမျိုးသမီးအခွင့်အရေးကိစ္စများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) မိတ်ဆက်တင်ပြခြင်းအခမ်းအနားတွင် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ပြောကြားခဲ့သည်။

ထို့ပြင် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းသည် နိုင်ငံတော်အတွက်သာမက မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက်ပါ အထူးအကျိုးရှိသည့် ဆောင်ရွက်ချက်ဖြစ်ပါကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှဆန့်ကျင်ရေးဥပဒေကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အမျိုးသမီးအရေးလှုပ်ရှားဆောင်ရွက်သောအဖွဲ့ ၉၈ ဖွဲ့ပါဝင်သည့် အမျိုးသား အမျိုးသမီးတန်းတူညီမျှဖြစ်ရေး ကွန်ရက်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် UNCEDAW ကော်မတီသို့ တင်သွင်းရမည့် စတုတ္ထနှင့်ပဉ္စမအကြိမ်မြောက် ပူးတွဲအစီရင်ခံစာအတွက် အခြေအနေကောင်းမွန်လျက်ရှိပါကြောင်း၊ ဤစီမံကိန်းကြီးသည် မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများ သေချာစေရေး၊ အမျိုးသမီး စွမ်းပကားမြှင့်တင်ရေးနှင့် စစ်မှန်စွာဖွံ့ဖြိုးတိုးတက်သော မြန်မာအမျိုးသမီး အဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အထောက်အကူပြု လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်ကို အထူးယုံကြည်မိပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂)ပါ အကြောင်းအရာများနှင့် အမျိုးသား အမျိုးသမီး တန်းတူညီမျှရေး ကွန်ရက်အဖွဲ့မှ အကြီးတန်းညှိနှိုင်းရေးမှူးက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ဖြည့်ဆည်းမှုအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)နှင့် ဂျာမန်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ) တို့ပူးပေါင်း၍ ဟောပြောပွဲတစ်ရပ်ကို "The legacy of the banking crisis and role of accountants" ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် အောက်တိုဘာ ၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉)၊ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲသင်တန်းသားသင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း တယ်လီဖုန်းနံပါတ် ၀၉-၃၇၇၁၈၀၄၉ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်	ရွှေဈေး	၆၈၉၂၀၀	-	၆၉၀၂၀၀
မန္တလေး	ရွှေဈေး	၆၈၉၀၀၀	-	၆၉၀၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၁. ၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၂၁၁
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၃. ၆၈
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၅၇၈
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၉၉. ၄၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၅၅၆
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၂. ၅၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၉. ၅၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း Harvard kennedy ကျောင်းအုပ်ကြီး Mr.David T.Ellwood နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု Harvard Kennedy ကျောင်းအုပ်ကြီး Mr. David T. Ellwood နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ကော်မရှင်အဖွဲ့ဝင်ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(သတင်းစဉ်)**

နယူးဇီလန် လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် အောက်တိုဘာ ၃

ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Cater နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YANGON HERITAGE TRUST) သို့ ရောက်ရှိရာ ဥက္ကဋ္ဌ ဦးသန့်မြင်ဦးနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြကြသည်။**(အပေါ်ပုံ)**

နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးက နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ချစ်ကြည်ရေးအဖွဲ့အား ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး နေပြည်တော်သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိကြရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်နှင့်ဂျီအီးစီပညာရေးသမဝါယမအသင်းစုချုပ်တို့ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ စိန်နဂါးကြွေမြေဖန်ထည် စက်မှုကုန်ထုတ်သမဝါယမအသင်း လီမိတက်ရုံးခန်း၌ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်နှင့်အခြေခံအသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ စိန်နဂါးကြွေမြေဖန်ထည် စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာက သ/မစက်ရုံမှ မီးခံအုတ်အမျိုးမျိုး၊ လျှပ်စစ်ကြွေသီးအမျိုးမျိုး၊ ဖန်ထည်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ယနေ့ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နေချိန်တွင် သမဝါယမကဏ္ဍသည် ဒုတိယမဏ္ဍိုင်ဖြစ်ကြောင်း၊ ဤအသင်းတွင် နိုင်ငံတော်မှ Gas ဝယ်ယူခွင့် ရရှိခြင်း၊ ထိုက်သင့်သည့်လူ့အရင်းအမြစ်နှင့် နည်းပညာရှိခြင်း၊ ဈေးကွက်ရှိခြင်းနှင့် မြေလေးဧကကျော်ပိုင်ဆိုင်ထားခြင်း စသည့် အခြေခံကောင်းများရှိထားပြီ ဖြစ်ကြောင်း၊ သို့ပါ၍ ၎င်းအခြေခံကောင်းများကို အခြေခံပြီး အသင်းကို အဆင့်မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ အဆင့်မြှင့်တင်ရန်အတွက် အမှုဆောင်အဖွဲ့ကို ပြန်လည်အင်အားဖြည့် ဖွဲ့စည်းခြင်း၊ စက်ပစ္စည်းအသစ်များတပ်ဆင်၍ နည်းပညာသစ်များအသုံးပြုခြင်း၊ ပြည်ပသို့သွားရောက် လေ့လာခြင်း၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထားရှိခြင်း၊ ပစ္စည်းအရည်အသွေး မြင့်မားပြီး ဈေးနှုန်းသက်သာအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အကူအညီချေးငွေနှင့် နည်းပညာများရရှိအောင် ပေါင်းစပ်ညှိနှိုင်းကူညီပေး သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကမာရွတ်မြို့နယ် ဂျီအီးစီပညာရေးသမဝါယမအသင်းစုချုပ်ရုံးခန်း၌ အသင်းစုချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းများတိုးချဲ့နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရေး အကြံပြုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု နည်းပြ(မွမ်းမံ)သင်တန်းဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၃

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် သာသနာ့အလင်းရောင် ဓမ္မာရုံတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု နည်းပြ(မွမ်းမံ) သင်တန်းကို အလုံမြို့နယ် စကားစိမ်းလမ်းနှင့်ကမ်းနားလမ်းထောင့် (ထော်လီကွေ့မှတ်တိုင်အနီး)ရှိ သာသနာ့အလင်းရောင်ဓမ္မာရုံတွင် အောက်တိုဘာ ၅ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ အပတ်စဉ် စနေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်သည်။ သင်တန်းတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ ဗုဒ္ဓဘာသာအခြေခံရှိပြီး ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ်ဆောင်ရွက်လိုသူများ၊ ဓမ္မရောင်ခြည်မှဖွင့်လှစ်သော ယဉ်ကျေးမှု(နည်းပြ)သင်တန်းများတွင်ဖြစ်စေ၊ အခြားသောသာသနာပြုအဖွဲ့အစည်းများမှ ဖွင့်လှစ်သော ယဉ်ကျေးမှု(နည်းပြ)သင်တန်းများတွင်ဖြစ်စေ တက်ရောက်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ နောင်တွင် မွမ်းမံသင်တန်းဆင်းပြီးသူများကို စိစစ်ရွေးချယ်၍ ယဉ်ကျေးမှုသင်တန်းဆရာမများအဖြစ် အလုပ်ခန့်အပ်ဆောင်ရွက်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံး အဆောင်(၄)ပထပ် ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(လှိုင်မြင့်)**

■ **ရွှေ့ဖုံးမှ**

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ထားသော အောက်ပါဦးတည်ချက်(၃)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာစေရေး၊

(ခ) တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေး။

၃။ ဤသို့ဆောင်ရွက်ရာတွင် အများပြည်သူ၏သဘောထားကို ကျယ်ပြန့်စွာသိရှိနိုင်ရန်အလို့ငှာ မိမိတို့ ကော်မတီသည် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များထံမှ ၎င်းတို့၏ လေ့လာသုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် တောင်းခံသွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များထံမှ အကြံပြုချက်များကို သက်ဆိုင်ရာပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထံမှတစ်ဆင့်လည်းကောင်း (သို့မဟုတ်) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ အတွင်းရေးမှူးထံသို့ လိပ်မူ၍လည်းကောင်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ မတိုင်မီ ပေးပို့နိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပေးပို့ရန်လိပ်စာ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီရုံး
ရုံးအမှတ် (၂၀)၊ လွှတ်တော်ရုံး၊ နေပြည်တော်

ပူးပေါင်းကော်မတီ

တောင်ကုတ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လွှင့်စက်ချွတ်ယွင်း ရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်မှု ယာယီရပ်ဆိုင်း

နေပြည်တော် အောက်တိုဘာ ၃

တောင်ကုတ် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ 50 W ELECTRONIKA TV Transmitter လွှင့်စက်သည် စက်တင်ဘာ ၂၉ ရက် ညပိုင်းအစီအစဉ် ထုတ်လွှင့်နေစဉ်အတွင်း ချွတ်ယွင်းသွားသဖြင့် ရုပ်မြင်သံကြားအစီအစဉ် ထုတ်လွှင့်မှုယာယီရပ်ဆိုင်းထားရသည်။

လွှင့်စက်ပြုပြင်ရေးအတွက် ရန်ကုန် ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်သို့ ပေးပို့ထားကြောင်းနှင့် ပြန်လည်ထုတ်လွှင့်နိုင်မှု အခြေအနေကို ဆက်လက်အသိပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယခုအချိန်အထိ မြန်မာနိုင်ငံမှ စုစုပေါင်း ၁၆ ဆုရရှိ

နေပြည်တော် အောက်တိုဘာ ၃

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် အရှေ့အာရှစွမ်းအင်ဝန်ကြီးတို့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ စက်တင်ဘာ ၂၃ရက်မှ ၂၇ရက်ထိ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပစဉ် အတွင်း ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲရေး၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့်ခြိုးခြံချွေတာရေး တွန်းအားပေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ASEAN Energy Awards ဆုရရှိသူများအား ဆုများချီးမြှင့်အားပေးခဲ့ကြကြောင်း သိရှိရသည်။

အာဆီယံနိုင်ငံများအတွင်းစွမ်းအင်စီမံခန့်ခွဲမှု၊ ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲရေး၊စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး ဆောင်ရွက်ချက်များအတွက် ASEAN Energy Awards ဆု ရွေးချယ်ပေးအပ်သည့် အစီအစဉ်ကို ၂၀၀၀ ခုနှစ်မှစတင်ခဲ့ပြီး မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ်အတွက် အဆိုပါ ASEAN Energy Awards ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုလေးဆု ရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွက် မြန်မာနိုင်ငံမှရရှိခဲ့သည်ဆုများမှာ အဆောက်အအုံနှင့် စက်ရုံဆိုင်ရာစွမ်းအင်စီမံခန့်ခွဲမှု ပြိုင်ပွဲတွင် အငယ်စားနှင့်အလတ်စား စက်ရုံအမျိုးအစား ခေါင်းစဉ်အောက်၌ အမှတ်(၈)ချည်မျှင်နှင့်အထည်စက်ရုံ ပျော်ဘွယ်မြို့မှ ပထမဆု၊အဆောက်အအုံနှင့် စက်ရုံဆိုင်ရာ စွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲတွင် အထူးတင်သွင်းယှဉ်ပြိုင်သည့် စက်ရုံအမျိုးအစားခေါင်းစဉ်အောက်၌ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ လှိုင်သာယာမှ ပထမဆု၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး အဆောက်အအုံဆိုင်ရာပြိုင်ပွဲတွင် အပူပိုင်းဒေသအဆောက်အအုံအမျိုးအစား၌ Bamboo High School/ Storm Shelter အကယ်ချောင်းဝရွာ ဒေးဒရဲမြို့နယ်မှ တတိယဆုနှင့် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းဆောင်ရွက်မှုပြိုင်ပွဲတွင် Community Based Off-Grid အမျိုးအစား၌ မြန်မာနိုင်ငံ ကျေးလက်ဒေသစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သော ဇီဝဓာတ်ငွေ့ဖြင့် ကျေးလက်ဒေသမီးလင်းရေးစီမံကိန်း ကျောက်ဆည်မြို့မှ ဒုတိယဆုတို့ဖြစ်ကြောင်းသိရသည်။

၂၀၁၃ ခုနှစ်အတွက်ရရှိခဲ့သည့် ဖော်ပြပါဆု လေးဆု အပါအဝင် အဆိုပါပြိုင်ပွဲများသို့ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အချိန်မှစ၍ ယခုအချိန်အထိ မြန်မာနိုင်ငံမှစုစုပေါင်း ၁၆ ဆုရရှိထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် အောက်တိုဘာ ၃

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ဆဋ္ဌမ အစည်းအဝေး (၁၀)ရက်မြောက်နေ့နှင့် (၁၁) ရက်မြောက်နေ့တို့ကို အောက်တိုဘာ ၁ ရက်နှင့် ၂ ရက် နံနက်ပိုင်းတို့တွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်နှင့် လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းများ အတည်ပြုခြင်းနှင့် ဥပဒေကြမ်းများ ပြင်ဆင်ရန် တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း သံတွဲမြို့နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့်ကျေးရွာများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများကို လှည့်လည်စစ်ဆေးသည့် နိုင်ငံတော်သမ္မတ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းသည် ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တို့နှင့်အတူ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် သံတွဲမြို့နယ် သပြုချိုင်ကျေးရွာ၊ ပေါက်တောကျေးရွာ၊ မဲကျွန်းကျေးရွာ၊ ကျောက်ကြီးကျေးရွာနှင့် ကျီးကန်းရဲကျေးရွာတို့ကို လှည့်လည်သွားရောက်ပြီး အကြမ်းဖက်မှုကြောင့် နေအိမ်အချို့ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်အဖွဲ့သည် သပြုချိုင်ကျေးရွာတွင် နေအိမ်များ မီးလောင်ဆုံးရှုံးခဲ့သည့် နှစ်ဖက်အဖွဲ့အစည်းမှ ဒေသခံများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ ဖြစ်စဉ်အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ဒေသခံများက ၎င်းတို့၏ အခြေအနေနှင့်လိုအပ်ချက်များကို တင်ပြရာ ဗိုလ်ချုပ်ကြီးလှဌေးဝင်းက တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်နေရာချထားရေးတို့ကို ထိထိရောက်ရောက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒေသခံများ၏ တင်ပြချက်အပေါ် အလေးထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ မိသားစုအသုံးအဆောင်ပစ္စည်းများ၊ ယာယီလူနေတဲများကို ထောက်ပံ့ပေးအပ်သည်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း သပြုချိုင်ကျေးရွာ၌ နေအိမ်များမီးလောင်ဆုံးရှုံးခဲ့သည့် နှစ်ဖက်အဖွဲ့အစည်းမှ ဒေသခံများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

သပြုချိုင်ကျေးရွာ အကြမ်းဖက်မှုနှင့် ပတ်သက်၍ ပဏာမစုံစမ်းဖော်ထုတ်ချက်အရ သံတွဲမြို့နယ် ရွှေလေ့ကျေးရွာအုပ်စု သပြုချိုင်ကျေးရွာနေ အစ္စလာမ်ဘာသာဝင်များ၏ နေအိမ်များအား ဆင်ခေါင်း၊ ညောင်ခြေထောက်နှင့်အင်ဒိုင်းကြီး ကျေးရွာသားအချို့က ၂၀၁၃ခုနှစ် အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်နှင့် မွန်းလွဲ ၂ နာရီခွဲတို့တွင် ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ရာ အိမ်ခြေ ၅၁ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အစ္စလာမ်ဘာသာဝင်လူမျိုး အမျိုးသမီးတစ်ဦးနှင့် အမျိုးသားလေးဦး စုစုပေါင်း ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

သပြုချိုင်ကျေးရွာရှိ နေအိမ်တစ်လုံး၌ သာသနာ့အလံ လွှင့်ထူထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

သပြုချိုင်ကျေးရွာရှိ အစ္စလာမ်ဘာသာဝင် တိုင်းရင်းသား ကမန်လူမျိုးများအနေဖြင့် ဒေသခံရခိုင်လူမျိုးများနှင့် နှစ်ပေါင်းရှည်ကြာစွာ အတူတကွ နေထိုင်ခဲ့ရာ ပြဿနာဖြစ်ပွားမှုမရှိဘဲ ဆင်ခေါင်း၊ ညောင်ခြေထောက်နှင့် အင်ဒိုင်းကြီးကျေးရွာများသို့ ပြောင်းရွှေ့လာခဲ့ကြသည့် ပျံကျလုပ်သားများကြောင့် ယခုကဲ့သို့ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း။

သပြုချိုင်ကျေးရွာ အပါအဝင် ကျေးရွာများတွင် အကြမ်းဖက်မီးရှို့သတ်ဖြတ်မှုများ ဆောင်ရွက်ရာတွင် ကြိုတင်၍ သာသနာ့အလံငယ်များလွှင့်ထူထားသည့်နေအိမ်များမှာ ဖျက်ဆီးမှုမှ လွတ်မြောက်ကြောင်း သိရှိရသည်။

အဆိုပါ သာသနာ့အလံကိစ္စနှင့် ပတ်သက်ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လ အတွင်းက နိုင်ငံတော် ဗုဒ္ဓဘာသာနေ့ဟု ဗီနိုင်းစများဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် ချိတ်ဆွဲခြင်း၊ သာသနာ့အလံများအား လမ်းများ၊ အိမ်များတွင် လွှင့်ထူခြင်းများ ပြုလုပ်ခဲ့ပြီးနောက် သာသနာ့အလံငယ်များအား အကြမ်းဖက်မှုများ အပြန်အလှန် ဆောင်ရွက်ရာတွင် ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာ ကွဲပြားမှုရှိစေရန် အသုံးပြု ဆောင်ရွက်လာခဲ့ပါကြောင်း။

ဒေသခံများအနေဖြင့် အကြမ်းဖက်မှုများတွင် မိမိနေအိမ် ဖျက်ဆီးမခံရစေရေးအတွက် သာသနာ့အလံငယ်များ ဝယ်ယူခြင်း၊ အဖွဲ့အစည်းအချို့ကလည်း လိုက်လံရောင်းချခြင်းများ ဆောင်ရွက်လာခဲ့ကြကြောင်း၊ အကြမ်းဖက်မှုမပြုမီ မိမိတို့နေအိမ်များ၌ သာသနာ့အလံများ လွှင့်ထူထားရန် ကြိုတင်အသိပေးလေ့ရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့မှန်မြတ်သည့် သာသနာ့အလံကို အကြမ်းဖက်မှုများတွင် လွဲမှားစွာအသုံးချရန် ဦးဆောင်ဆောင်ရွက်ခဲ့သူများအား သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်လှိုင် သပြုချိုင်ကျေးရွာ၌ မိသားစုအသုံးအဆောင်ပစ္စည်းများ၊ ယာယီလူနေတဲများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

သံတွဲမြို့၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် ငါးဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ် သံတွဲမြို့၌ ဈေးဆိုင်တစ်ဆိုင်ရှေ့တွင် သုံးဘီး ဆိုင်ကယ်တစ်စီးရပ်ထားသည်ကို အငြင်းပွားရာမှ အစပြု၍ ပဋိပက္ခဖြစ်ပွားပြီး စက်တင်ဘာ ၂၉ ရက် ညပိုင်းမှ စတင်၍အောက်တိုဘာ ၁ ရက်အထိ သံတွဲမြို့နယ်အတွင်း နေအိမ်နှင့် အဆောက်အအုံအချို့ ဖျက်ဆီးခံရမှု၊ မီးရှို့မှုများ ဖြစ်ပွားခဲ့သည်။

ယင်းသို့ ဖြစ်ပွားမှုကြောင့် သံတွဲမြို့ ဒွါရဝတီရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ် (၈) ရပ်ကွက်တို့မှ နေအိမ် တစ်လုံးစီ၊ သံတွဲမြို့နယ် ပေါက်တောကျေးရွာမှ နေအိမ် ၂၈ လုံး၊ သပြုချိုင်ကျေးရွာမှ နေအိမ် ၁၄ လုံး၊ ရွှေလေ့ကျေးရွာမှ နေအိမ်လေးလုံးနှင့် မဲကျွန်းကျေးရွာမှ နေအိမ် ကိုးလုံး စုစုပေါင်း နေအိမ် ၅၉ လုံး၊ ကျောက်ကြီးကျေးရွာနှင့် ကျီးကန်းရဲကျေးရွာတို့မှ ဘာသာရေးအဆောက်အအုံနှစ်လုံး၊ လင်းမူတောင်ကျေးရွာမှ ဓာတ်ဆီဆိုင်တစ်ဆိုင်တို့ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် သေဆုံးသူငါးဦး၊ ဒဏ်ရာရရှိသူ ငါးဦးရှိခဲ့ကြောင်း၊ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများ၊ ပြည်သူများနှင့် လုံခြုံရေးအဖွဲ့ဝင်များက ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားအင်အားစုများ၏အခန်းကဏ္ဍ အလေးထားရန်လို

၁၅-၉-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် အမျိုးသားဒီမိုကရေစီပါတီသစ်မှ တင်ပြသည့်စာတမ်း

မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွှတ်တော်များ အားကောင်းရေးနှင့် ဒီမိုကရေစီခိုင်မာရေးသည် ဆက်စပ်နေပါသည်။ ၂၀၁၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြီးစီးပြီးနောက် မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဖွဲ့စည်းနိုင်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံလွှတ်တော်များ၏ ထူးခြားချက်မှာ ပြည်သူက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ စာရင်းတင်သွင်းသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည်။ နိုင်ငံရေးအရဆိုလျှင် မြန်မာနိုင်ငံ လွှတ်တော်များသည် အမျိုးသားအင်အားစုများ အတူလက်တွဲလျက်ရှိပါသည်။

ယနေ့မြန်မာနိုင်ငံသည် တရားဝင်စာရင်းအရပင် ဆင်းရဲမွဲတေမှု ၂၆ ရာခိုင်နှုန်းရှိနေပါသည်။ လွတ်လပ်သော စာရင်းခန့်မှန်းချက်အရဆိုလျှင် နိုင်ငံ၏ လူဦးရေ ၆၀ ရာခိုင်နှုန်းခန့် ဆင်းရဲမွဲတေမှုမျဉ်းအောက်တွင် ရောက်နေပါသည်။ ကျောင်းမနေနိုင်သော ကလေးသူငယ်များ၊ အလုပ်လက်မဲ့ဖြစ်နေသော လူငယ်များ၊ မိမိကိုယ်ခန္ဓာကို ရောင်းစားနေရသော အမျိုးသမီးများ၊ အာဟာရမပြည့်ဝသော ပြည်သူတချို့ရုပ်သွင်များ၊ လူကုန်ကူးခံနေရသော တိုင်းရင်းသူအမျိုးသမီးများ၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာသို့ သွားရောက်၍ ဘဝရပ်တည်ရေးအတွက် ပင်ပန်းကြီးစွာ လှုပ်ရှားရုန်းကန်နေရသော နိုင်ငံသူ နိုင်ငံသားများ၏ ဘဝမြင်ကွင်းကို မျက်ခြည်ပြတ်၍ မရပါ။

သယံဇာတပေါကြွယ်လွန်းသော မြန်မာနိုင်ငံသည် ဘာကြောင့် ဆင်းရဲတွင်းနက်နေကြရပါသနည်း။ ဖွံ့ဖြိုးတိုးတက်လိုသော အမိနိုင်ငံတော်ကို တည်ဆောက်လိုလျှင် အဖြေမှန်ရရှိရေးအတွက် အင်အားစုအားလုံး ပြန်လည်သုံးသပ်ရမည့်အချိန် ဆိုက်ရောက်နေပြီဖြစ်ပါသည်။ ငွေကြေးအရင်းအနှီး၊ နည်းပညာများ ရရှိရုံဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည်ဟု ထင်မြင်ပါသလား။

ပါလီမန်ဒီမိုကရေစီထွန်းကားသည့် ၁၉၅၃ ခုနှစ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲနေသည့်အချိန်တွင် အမေရိကန်စီးပွားရေးပညာရှင်တစ်ဦးက "ခင်ဗျားတို့နိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်နေပြီး နိုင်ငံမတည်ငြိမ်သမျှ ဘယ်လိုအထောက်အပံ့ရတဲ့စီမံကိန်းမဆို အောင်မြင်မှာမဟုတ်ဘူး။ အိတ်ပေါက်နှင့် ဖားကောက်သလိုပဲ ဖြစ်နေမှာပါ" ဟုသတိပေးချက်သည် ယနေ့အထိ အဓိပ္ပာယ်ရှိနေဆဲဖြစ်ပါသည်။

လွတ်လပ်ရေးနှင့်အတူ မြန်မာနိုင်ငံတွင် နိုင်ငံရေးသဘောတရားနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ ခေါင်းဆောင်မှုပြဿနာကြောင့် ဖဆပလ တပ်ပေါင်းစုကြီးပြိုကွဲခြင်း၊ နိုင်ငံရေးပါတီများ၊ အကွဲအပြဲဇာတ်လမ်းများအဆက်မပြတ် ဖြစ်ပေါ်ခဲ့ပါသည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသားလူမျိုးများနှင့် မျိုးနွယ်စုများကြား၌လည်း ပြင်းထန်သောအမျိုးသားရေးအမြင်များ ပေါ်ပေါက်ခဲ့ခြင်းကြောင့် အသစ်စက်စက်ပြည်ထောင်စုသည် ပစ်သံခတ်သံ ယမ်းငွေ့အနံ့များကြားမှ ပြည်တည်ခဲ့ရပါသည်။

နိုင်ငံရေးပြိုကွဲမှုနှင့် လူမျိုးရေးစစ်များကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်သည် မြန်မာနိုင်ငံရေးဇာတ်ခုံပေါ်၌ နေရာယူနိုင်ခဲ့ပါသည်။ နှစ်ပေါင်း ၅၀ ကျော် အတွေ့အကြုံကို စုစည်းသုံးသပ်ရသော် မြန်မာနိုင်ငံ၏ တည်တံ့ရေးနှင့် ဖွံ့ဖြိုးရေးသည် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်မှုနှင့် ဈေးကွက်စီးပွားရေး အကောင်အထည်ဖော်နိုင်မှုအပေါ်တွင် တည်နေသည်။

အထက်ပါ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားအင်အားစုများ၏ အခန်းကဏ္ဍကို အလေးထားရန်လိုအပ်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများအပေါ် အတိတ်ကအမြင်မျိုးမထားရန်လိုအပ်ပါသည်။ ထို့အတူ တိုင်းရင်းသားလူမျိုးများ၊ မျိုးနွယ်စုများ၏ဘဝကိုနားလည်ပြီး တန်းတူမှုရရှိရန် တာဝန်ကို အလေးထားရပေမည်။ တစ်ချိန်တည်းတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးမှ မွေးဖွားလာခဲ့ကြသော တပ်မတော်၏အစဉ်အလာကို အသိအမှတ်ပြုပြီး မြန်မာ့နိုင်ငံရေးခရီးတွင် အတူလက်တွဲဆောင်ရွက်ရန် အသင့်ရှိနေဖို့လိုအပ်သည်။

အမျိုးသားဒီမိုကရေစီပါတီသစ်သည် အမျိုးသားအင်အားစုများ စုစုစည်းစည်းလုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မိမိတို့ပါတီ၏ခိုင်မာသောမူဝါဒအဖြစ် စွဲကိုင်ထားပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုရမည်မဟုတ်။ ဖွံ့ဖြိုးတိုးတက်မှုမရလျှင် ဒီမိုကရေစီစနစ်သည်လည်း ထွန်းကားလာမည်မဟုတ်ပေ။ ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုသော ဆောင်ပုဒ်သည်လည်း ကြွေးကြော်သံအဖြစ်သာ နေရစ်ပေလိမ့်မည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တပ်မတော်စသည့် အမျိုးသားအင်အားစုများ၏ ညီညွတ်ရေးကိုထူထောင်ရင်း "ဒီမိုကရေစီထွန်းကားရေး ပြည်သူ့အသံမြှင့်တင်ရေး"ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် အမျိုးသားဒီမိုကရေစီပါတီသစ်က စာတမ်းတင်သွင်းအပ်ပါသည်။

ကျိုက်လတ်မြို့နယ် လှိုင်းတာ၌ ရေတိုက်စားကမ်းပြို

ကျိုက်လတ် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လှိုင်းတာကျေးရွာတွင် ရွာသူရွာသားများ နာရေးကိစ္စအတွက် နှစ်ပေါင်းများစွာ မြှုပ်နှံသင်္ဂြိုဟ်သော ကျေးရွာသင်္ချိုင်းသည် မြစ်ကမ်းနံဘေးတွင်တည်ရှိပြီး မိုးတွင်းအခါမြစ်ရေတိုက်စားမှုဖြစ်ပေါ်ကာ ကမ်းပြိုလျက်ရှိနေသည်။**(အောက်ပုံ)**

ယခုအခါ ကမ်းပြို ရေတိုက်စားမှုကြောင့် ယခင်ပြုလုပ်ထားသော အုတ်ဂူများပါ ရေထဲသို့ ပြိုကျနစ်မြုပ်ပျောက်ကွယ်နေသည့်အပြင် တချို့အုတ်ဂူများလည်း ကမ်းစပ်ရေထဲတွင် တွေ့မြင်နေရပြီး ရွာတွင်နာရေးကိစ္စထပ်မံဖြစ်ပေါ်လာပါက မြှုပ်နှံသင်္ဂြိုဟ်ရန်မြေနေရာအခက်အခဲများ ဖြစ်ပေါ်နေသည်။

"ကျွန်တော်တို့ရွာရဲ့ သင်္ချိုင်းဟာ ကမ်းပြိုရေတိုက်စားသွားလို့ ရှိတဲ့နေရာမှာ နာရေးကိစ္စကို ကားတာယာများ၊ ထင်းများနဲ့ ခက်ခဲစွာ ကမ်းဘေးမှာ မီးသင်္ဂြိုဟ်ခဲ့ရတယ်" ဟု ရွာသားတစ်ဦးက ပြောပြသည်။

"လှိုင်းတာကျေးရွာအတွက် လူမျိုး၊ ဘာသာမရွေး သင်္ဂြိုဟ်နိုင်တဲ့သင်္ချိုင်းတစ်ခု မဖြစ်မနေ အမြန်ဆုံးလိုအပ်နေပါတယ်လို့" ဒေသခံတစ်ဦးက ပြောပြသည်။

ထိုသို့ လှိုင်းတာကျေးရွာအခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ တင်ပြထားကြောင်းလည်း သိရသည်။

(အသောက)

ဥတုရာသီ
တောကိုမိုး၏

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် မြို့နယ်မှခွဲတမ်းရရှိသည့် CDMA, WCDMA, GSM ဖုန်းကတ် ၅၀ ကို ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မဲနှိုက်ကြရာ ဖုန်းကတ်မဲပေါက်သူတစ်ဦး၏ ပျော်ရွှင်မှုမြင်ကွင်း။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၁၀-၂၀၁၃(သောကြာနေ့)

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၄၀ မှတ်တမ်း
၇း၂၀ တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ စိုက်ပျိုးသုတ
၈း၃၅ လျှပ်တစ်ပြက်
၄း၃၅ မြန်မာသံစဉ်ချိုနားဝင်
၅း၂၀ လည်မယ်. . . စားမယ်
ကမ္ဘာတစ်ခွင်ဝယ်
၆း၁၀ "ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၂၁၈)
ကမ္ဘာကျော်မည့်ကြောင်လျှာသီး [ရွှေအိုး၊ ကမ္ဘာကျော်၊ ခေါလေး၊ နိုင်ဝင်းနှင့် သရုပ်ဆောင်များ] (ဒါရိုက်တာ-မိုးဇော်ကို)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင့်မြတ်စွာပေးဆပ်လေသော (အပိုင်း-၃၉)
-သံစဉ်များနှင့် ကမ္ဘာ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခွင့်ရချင်ပြီ" (အပိုင်း-၆၂)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" (အပိုင်း-၅၂)

ရှိကိုရှိရမည့် ပညာရေးအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့

ဒေါက်တာမောင်သင်း(မိတ္ထီလာတက္ကသိုလ်)

မြန်မာနိုင်ငံရဲ့ လက်ရှိပညာရေးကို မြှင့်တင်ကြဖို့ ရှုထောင့်မျိုးစုံက အကြံပြုကြ၊ ပြောကြ၊ ရေးကြ၊ ဝေဖန်နေကြတာတွေ တွေ့နေရပါတယ်။ အရည်အသွေးမြင့်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာတွေလည်း ပါနေပါတယ်။ လုပ်ကြပြီဆိုပါစို့၊ **"ဘယ်သူက အရည်အသွေးကို တိုင်းတာအကဲဖြတ်မလဲ"** ဆိုတဲ့ မေးခွန်းကို မေးမိပါတယ်။ ပြောကြ၊ ဆိုကြတာလွယ်ပေမယ့် **"အဆင့်တိုင်းရဲ့ ပညာရေးအရည်အသွေးကို အကဲဖြတ်နိုင်သူ"** ပညာရှင်လုံလုံလောက်လောက် ကျွန်တော်တို့နိုင်ငံမှာ ရှိပါသလားဆိုတာ မေးစရာရှိလာပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာကိုသင်၊ စာမေးပွဲစစ်၊ အမှတ်ပေး၊ အဆင့်သတ်မှတ်တာကို ပညာရေးအကဲဖြတ်တာလို့ ထင်နေကြသူတွေက ခပ်များများပါ။ အဲဒါက **"ပညာရပ်"** အကဲဖြတ်တာပါ၊ **"ပညာရေးကိုအကဲဖြတ်ခြင်း"** မဟုတ်ပါ။ ဒေါက်တာခင်ဇော်(ပါမောက္ခချုပ်ငြိမ်း၊ ပညာရေးတက္ကသိုလ်)က မြန်မာပြည်မှာ အရေးတကြီးလိုအပ်နေတဲ့ ပညာရှင်တွေထဲမှာ ပါရဂူမြောက် ပညာရေးပညာရှင်တွေလိုပါတယ်။ အဲဒီထဲမှာမှ **"ပညာရေးအရည်အသွေးအကဲဖြတ်ပညာရှင်"** က အလိုအပ်ဆုံးပါလို့ ဆောင်းပါးတစ်ခုမှာ ထောက်ပြခဲ့ပါတယ်။ ပညာရေးအတွက် အထူးသတိပြုရမည့် အချက်ပါ။ ကိုယ်လက်လှမ်းမီသလောက် ပညာရေးအရည်အသွေးကို အကဲဖြတ်နိုင်တဲ့ ပညာရေးပညာရှင်ကို ရှာကြည့်တော့ မတွေ့မိပါ။ **"ပညာရပ်ပညာရှင်များ"**(ဆေးပညာ၊ အင်ဂျင်နီယာ၊ စိုက်ပျိုးရေး၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခ၊ သတ္တ၊ ဘူမိဗေဒ စတဲ့)သာ ကျွန်တော်သိသလောက် တန်းစီပေါ်လာပါတယ်။ ကျွန်တော်တို့ဆီမှာ **"ပညာရေးပညာရှင်"** နှင့် **"ပညာရပ်ပညာရှင်"** နှစ်ဦးကိုတောင် မကွဲကြသေးတာကိုပါ သတိထားမိပါတယ်။ ထို့အတူ ကျောင်းဆရာဆိုရင် (မူကြိုမှသည် ပါမောက္ခချုပ်အထိ)ပညာရေးကို နားလည် သူလို့ မြင်ကြတဲ့သူတွေက အများစုပါ။ မမှန်ပါ။ ဆရာအများစုက စာသင်တတ် သူများသာ ဖြစ်ပါတယ်။ စာသင်တတ်ရုံနဲ့တော့ အောင်မြင်တဲ့ နိုင်ငံတကာအဆင့်အတန်းမီပညာရေးအဆင့် မရောက်နိုင်သေးပါ။

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှာ နှစ်ပတ်ကြာကျင်းပတဲ့ (၁၈-၂-၂၀၁၃ မှ ၁-၃-၂၀၁၃) "အဆင့်မြင့်ပညာရေးရဲ့ အရည်အသွေးအာမခံနိုင်မှုအတွက် စွမ်းရည်ဖွံ့ဖြိုးမှု" Capacity building in quality Assurance in Higher Education သင်တန်းသို့ တက်ရောက်ရန် ကျွန်တော်တို့ကို (အခြားပါမောက္ခချုပ်နှစ်ဦးနှင့်အတူ) နိုင်ငံတော်က စေလွှတ်ခဲ့ပါတယ်။ ဟိုရောက်တော့ အဓိကပို့ချတဲ့ ဆရာသုံးဦးနဲ့ ဦးဆောင်သူတို့ဟာ **"ပညာရေးအရည်အသွေးအာမခံမှု"** ပညာရပ်နယ်ပယ်မှာ ကျွမ်းကျင်သူ ပညာရှင်များပါ။ ဦးဆောင်သူကတော့ Prof.Leo Goedegebuure ပါ။ တက္ကသိုလ်ပညာရေးစီမံခန့်ခွဲမှုဘွဲ့လွန်သင်တန်းများပို့ချနေတဲ့ မဲလ်ဘုန်းတက္ကသိုလ်ရဲ့ LA Martin Institute မှာ ဒါရိုက်တာဖြစ်ပြီး ဥရောပနိုင်ငံများ၏ တက္ကသိုလ်အုပ်ချုပ်မှုနှင့် အဆင့်မြင့်ပညာရေးစီမံခန့်ခွဲမှုပညာဆိုတဲ့ ပညာရေးဘာသာမှာ အထူးကျွမ်းကျင်သူပါ။ သူဟာ ဟောင်ကောင်၊ အရှေ့တောင်အာရှ၊ အာဖရိက၊ ရုရှားနိုင်ငံ၊ အရှေ့နှင့် အလယ်ပိုင်း ဥရောပနိုင်ငံများ၊ အီးယူ၊ နယူးဇီလန်၊ ကမ္ဘာ့ဘဏ်နဲ့ ယူနက်စကိုတို့မှာ ပညာရေးအရည်အသွေးအာမခံမှုဆိုင်ရာ အထူးကျွမ်းကျင်သူ ပညာရှင် (Expert) အဖြစ် တာဝန်ထမ်းဆောင်နေသူလည်း ဖြစ်ပါတယ်။

သင်တန်းတွင် ပထမဦးဆုံးပို့ချသူ Tom Phillips ဟာ ဥရောပတက္ကသိုလ်ပညာရေးအရည်အသွေးစီမံခန့်ခွဲမှုနှင့် စွမ်းဆောင်မှုစွမ်းရည်မြင့်လာရေး၊ ပညာရေးအရည်အသွေးအကဲဖြတ်စံနှုန်းများနဲ့ ပညာရေးအရည်အသွေးအာမခံမှုပေါ် လစီစတာတွေနဲ့ပတ်သက်ပြီး နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံရှိတဲ့ **"တက္ကသိုလ်ပညာရေးအရည်အသွေး အကဲဖြတ်ပညာရှင်"** ဖြစ်ပါတယ်။

နောက်တစ်ဦးက ပါပူးဝါးနယူးဂီနီနိုင်ငံရဲ့ တက္ကသိုလ်ပညာရေးအကြံပေး ပုဂ္ဂိုလ်ဖြစ်တဲ့ Dr.Jeanette Baird ဖြစ်ပါတယ်။ အဲဒီအမျိုးသမီးဟာ ဩစတြေးလျနိုင်ငံမှာရှိတဲ့ Australian Tertiary Education Quality and Standard Agency (TEQSA) ရဲ့ အမှုဆောင်ဒါရိုက်တာဖြစ်ပြီး ထိုအဖွဲ့မှာ တက္ကသိုလ်ပညာရေး အရည်အသွေးစစ်ဆေးသူနှင့် ပြန်လည်သုံးသပ်သည့် အလုပ်ကို ဆောင်ရွက်ရပါတယ်။ တစ်ချိန်တည်းမှာပင် ၎င်းသည် Australian Universities Quality Agency(AUQA)၏ အမှုဆောင်ဒါရိုက်တာတာဝန်များကိုလည်း ထမ်းဆောင်နေပါသည်။ သူ၏ အထူးပြုသုတေသနနယ်ပယ်မှာ အဆင့်မြင့်ပညာရေးကဏ္ဍ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် ကမ္ဘာ့အဆင့်မြင့်ပညာရေး အရည်အသွေးအာမခံနိုင်မှုတို့ ဖြစ်ပါသည်။

နောက်ဆုံးပို့ချသူ ပါမောက္ခ Graham Webb ကတော့ ဩစတြေးလျနိုင်ငံ နယူးအင်္ဂလန်တက္ကသိုလ်ရဲ့ ဒုတိယအဓိပတိပါ။ ထိုတက္ကသိုလ်တွင် သင်တန်းရေးရာနှင့် အရည်အသွေးထိန်းသိမ်းရေးကို တာဝန်ယူရသူပါ။ AUQA တွင် အရည်အသွေးအာမခံမှုနှင့် အရည်အသွေးမြှင့်တင်မှုတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ သူ၏ ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်မှုကြောင့် ၂၀၀၈ ခုနှစ်တွင် "Australian Higher Education Quality Award" ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။ ကျွန်တော်တို့နိုင်ငံမှာ အဲဒီပညာရှင် လေးဦးလို ပညာရေးရဲ့ အရည်အသွေးကို အကဲဖြတ်နိုင်သည့် ပညာရှင်များ (အဆင့်မြင့်ပညာရေးနှင့် အခြေခံပညာရေးမှာပါ)မရှိကြသေးပါ။

ထိုသင်တန်းသို့ အာရှ ၁၀ နိုင်ငံမှ သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြပါတယ်။ ထို ၁၀ နိုင်ငံထဲတွင် မြန်မာနှင့်လာအိုမှလွဲလျှင် တက်ရောက်လာကြသူများသည် ပညာရေးအရည်အသွေးကို အကဲဖြတ်သော အေဂျင်စီ (Quality Assurance Agency = QAA)များမှ ဝန်ထမ်းများ ဖြစ်ပါတယ်။ သူတို့နိုင်ငံတွင် အောက်ဖော်ပြပါ ပညာရေးအရည်အသွေးကို အကဲဖြတ်ကြသော ကျူအေ အေဂျင်စီများရှိပါတယ်-

(၁) ဖိလစ်ပိုင်နိုင်ငံတွင် National Accreditation Agency for Higher Education
(၂) ကမ္ဘောဒီးယားနိုင်ငံတွင် Accreditation Committee of Cambodia
(၃) ထိုင်းနိုင်ငံတွင် Office for National Education Standards and Quality Assessment(ONESQA)
(၄) မလေးရှားနိုင်ငံတွင် Malaysian Qualifications Agency(MQA)
(၅) အိန္ဒိယနိုင်ငံတွင် National Assessment and Accreditation Council
(၆) တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် China Higher Education Evaluation Center
(၇) ဗီယက်နမ်နိုင်ငံတွင် Education Quality Assurance Centre
(၈) အင်ဒိုနီးရှားနိုင်ငံတွင် National Accreditation Agency for Higher Education စသည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားကြပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပညာရေးတိုးတက်နေတာ သူတို့ဆီမှာ AQ အေဂျင်စီများဖြင့် နိုင်ငံ၏ပညာရေးအဆင့်အတန်း အစဉ်မြင့်မားနေအောင် ဆောင်ရွက်မြှင့်တင်နေကြလို့ပါ။ ထို့အတူ ကျွန်တော်(တက္ကသိုလ်ရော၊ အခြေခံပါ) သွားရောက်ခဲ့တဲ့ ဩစတြေးလျနိုင်ငံတွင်ပင် အဆင့်မြင့်ပညာရေးကဏ္ဍအတွက်-
   (က) TEQSA = Australian Tertiary Education Quality and Standards Agency
   (ခ) AUQA = Australian Universities Quality Agency... ဟူ၍ ပညာရေးအရည်အသွေးအကဲဖြတ်အေဂျင်စီနှစ်ခု တည်ထောင်ထားကာ အဆင့်မြင့်ပညာရေးမြင့်မားအောင် ဆောင်ရွက်နေပါတယ်။

မြန်မာ့ပညာရေးအဆင့်အတန်းမြင့်မားစေရေးအတွက် ပညာရေးအရည်အသွေးကို အကဲဖြတ်နိုင်စွမ်းရှိတဲ့ ပညာရေးပညာရှင်များရှိရန် လိုအပ်နေပြီဖြစ်ပါတယ်။ အဲဒီလို ပညာရှင်များမရှိဘဲနဲ့တော့ ပညာရေးမြင့်သလား၊ နိမ့်သလား ဘယ်သူမှ အကဲမဖြတ်နိုင်ပါ။ မျက်မမြင်ပုဏ္ဏားခြောက်ဦးရဲ့ **"ဆင်အဓိပ္ပာယ်စစ်တမ်း"** မျိုး မြန်မာ့ပညာရေးရလဒ် ထွက်လာမှာ စိုးရိမ်မိပါတယ်။ အဲဒါမျိုးကင်းဝေးရန် အကြံပြုလိုတာကတော့ ပညာရေးအရည်အသွေးအကဲဖြတ်ပညာရပ်ကို လေ့ကျင့်ပေးတဲ့ နိုင်ငံခြား တက္ကသိုလ်တွေဆီကို ယနေ့ ဆရာ၊ ဆရာမငယ်များကို ပညာသင်(နိုင်ငံတော် ဘဏ္ဍာနှင့် နိုင်ငံခြားပညာသင်ဆု) စေလွှတ်ပြီး မဖြစ်မနေလေ့ကျင့်ပေးသင့်ပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်တွင်းမှာ နိုင်ငံခြားမှ ပညာရေးပညာရှင်များငှားရမ်းပြီး (သို့) ဖိတ်ကြားပြီးဘွဲ့ဒီပလိုမာသင်တန်းဖွင့်လှစ်သင်ကြားပေးသင့်ပါတယ်။ထိုပြည်တွင်း ပြည်ပမှာ လေ့ကျင့်ခဲ့တဲ့ ပညာရှင်များကနိုင်ငံအတွင်းရှိပညာရေး ပညာရှင်အသစ်များ ပြန်လည်မွေးထုတ်ပေးရပါမယ်။ ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှာ အဲဒီလို စီမံချက်နဲ့ ဆောင်ရွက်ခဲ့ကြတာပါ။ အဲဒါကို စီမံချက်များ အမြန်ရေးဆွဲ အကောင်အထည်ဖော်ပေးရမှာပါ။ ထို့အတူ အဆင့်မြင့်ပညာကဏ္ဍနှင့်အခြေခံပညာရေး၊ စက်မှုစိုက်ပျိုးသက်မွေးပညာရေး၊ ပုဂ္ဂလိက ပညာရေး (အခြေခံပညာရေး၊ တက္ကသိုလ်များနှင့်သင်တန်းကျောင်းများ) စသည့် မြန်မာ့ပညာရေး၏ အရည်အသွေးအာမခံနိုင်မှုကို ထိန်းသိမ်းကွပ်ကဲရန်အတွက် **"မြန်မာ့ပညာရေး အရည်အသွေးအာမခံမှု ကြီးကြပ်ထိန်းသိမ်းရေး အဖွဲ့"** တစ်ရပ် မဖြစ်မနေဖွဲ့စည်းဖို့ လိုကြောင်းလည်း အကြံပြုပါရစေ။

> **မြန်မာ့ပညာရေး၏ အရည်အသွေး အာမခံနိုင်မှုကို ထိန်းသိမ်းကွပ်ကဲရန်အတွက် "မြန်မာ့ပညာရေး အရည်အသွေးအာမခံမှု ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့" တစ်ရပ် မဖြစ်မနေ ဖွဲ့စည်းဖို့လိုကြောင်းလည်း အကြံပြုပါရစေ။**

အထက်ပါအကြံပြုချက်များကို ကျွန်တော်က ယခုလို သင်တန်းတက်ရောက်ခဲ့ပြီးမှ တွေ့လို့၊ မြင်လို့ ပြောတာမဟုတ်ပါ။ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လလောက်တွင် ပညာရေးဝန်ကြီးဌာနက အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဖိတ်ကြားပြီး မြန်မာနိုင်ငံပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ အကြံဉာဏ်ရယူရာမှာ **"ပညာရေးအရည်အသွေး အာမခံမှုကြီးကြပ်ထိန်းသိမ်းရေးအေဂျင်စီ"** တစ်ခုရှိသင့်ကြောင်းအကြံပြုခဲ့ပါတယ်။ အဲဒီမတိုင်မီ ၂၀၀၉ ခုနှစ်က SEAMEO RIHED နှင့် ထိုင်းနိုင်ငံ ONESQA တို့ ပူးပေါင်းပြီး မန္တလေးတက္ကသိုလ်တွင် **"အဆင့်မြင့်ပညာရေးအရည်အသွေးအကဲဖြတ်မှု"** ကို လာရောက်ပို့ချခဲ့ပါသေးတယ်။ အဲဒီသင်တန်းနှစ်ခုစလုံး (မန္တလေးနှင့် မဲလ်ဘုန်းတက္ကသိုလ်)တက်ခဲ့ပေမယ့် ပညာရေးအကဲဖြတ်တဲ့တာဝန်(ဘာသာရပ်(သို့)ပညာရပ်ကို အကဲဖြတ်တာမဟုတ်ပါ) ကျွန်တော်တို့လို သင်တန်းဆင်းတွေကို ပေးခဲ့မယ်ဆိုရင်တောင် အချိန်ယူရပါလိမ့်မယ်။ သီအိုရီတောင် နိဒါန်းလောက် သိတာမို့ပါ။ လက်တွေ့တကယ်လုပ်ခဲ့တဲ့ အတွေ့အကြုံမရှိလို့ပါ။ ကျွန်တော်တို့လို သင်တန်းတောင်မတက်ခဲ့သူများဆိုရင် ပိုလို့အခက်အခဲနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ကျွန်တော်က ဝါရင့်၊ သမ္ဘာရင့်၊ ပညာရင့်ဆရာကြီးများရဲ့ အဆိုပါအကြံပြုချက်ကို တိုင်းပြည်ရဲ့ပညာရေးမြှင့်တင်ရေးမှာ မဖြစ်မနေလိုအပ်တာမို့ **"အရည်အသွေး အာမခံမှုကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့"** ရှိသင့်ကြောင်း ထပ်မံထောက်ခံအကြံပြုတင်ပြခြင်းပါ။

အဲဒီပြင်ပအရည်အသွေးထိန်းသိမ်းရေးအဖွဲ့ရဲ့ တာဝန်တွေကတော့-

(က) ပညာရေးမူဝါဒများ၊ စီမံကိန်းများနှင့် ယင်းတို့ကို အကောင်အထည်ဖော်မှုအား စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း(ဥပမာ ကျွန်တော်တို့ရဲ့ နှစ် ၃၀ စီမံကိန်းဟာ ဘယ်လောက်အောင်မြင်သလဲဆိုတာ အားမနာတမ်း ပြင်ပမှ လာရောက်အကဲဖြတ်မှု မရှိခြင်း)
(ခ) ကျောင်းသားကျောင်းသူများ၏ အရည်အသွေးအကဲဖြတ်ခြင်း (တစ်ပတ် စာသင်ချိန်၊ စာတွေ့၊ လက်တွေ့၊ တတ်ကျွမ်းမှု၊ တွေးခေါ် မြော်မြင်မှု၊ တီထွင်မှု၊ လူမှုဆက်ဆံရေးနှင့် အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်မှုစသည်)
(ဂ) ကျောင်း(သို့)တက္ကသိုလ်တစ်ခုလုံး၏ အရည်အသွေးကို အကဲဖြတ်ခြင်း(စီမံခန့်ခွဲရေး၊ ကျောင်းဖွဲ့စည်းပုံ၊ ဆရာ ဆရာမ အရည်အသွေး (ဘွဲ့မြင့်မားမှု၊ နိုင်ငံတကာဂျာနယ်များတွင် သုတေသနစာတမ်းထုတ်ဝေမှုနှင့် ယင်းစာတမ်း၏ အဆင့်အတန်းမြင့်မားမှု)၊ ကျောင်းအဆောက်အအုံ၊ စာကြည့်တိုက်၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ကြားပုံစနစ်၊ သင်ထောက်ကူပစ္စည်း ခေတ်မီမှုနှင့် ပြည့်စုံမှု၊ ဆရာ ဆရာမနှင့် ကျောင်းသားအချိုး၊ ကျောင်းပရဝဏ် သန့်ရှင်းသပ်ရပ်မှု၊ စာမေးပွဲစစ်ဆေးပုံနှင့် အဆင့်အတန်းသတ်မှတ်ပုံ၊ သုတေသနအဆင့်အတန်း)
(ဃ) ကျောင်း၏လူမှုအဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှု (ပတ်ဝန်းကျင်မှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားအောင်ဆောင်ရွက်နိုင်မှု၊ တစ်နည်းအားဖြင့် မိမိကျောင်း(သို့)တက္ကသိုလ်က မွေးထုတ်လိုက်တဲ့ ဘွဲ့ရတွေဟာ လူမှုဝန်းကျင်တိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ သင်ယူခဲ့တဲ့ဘာသာရပ်နှင့် လုပ်ငန်းခွင်တိုက်ရိုက်နီးနွယ်မှုနှင့် အလုပ်ရှင်၏ဘွဲ့ရများအပေါ် ကျေနပ်မှု)စသည်တို့ကို စစ်ဆေးအကဲဖြတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

တကယ်ဆိုရင် နိုင်ငံတကာမှာ လွတ်လပ်သည့်အဖွဲ့အစည်းက ပညာရေးကို လာရောက်စစ်ဆေးသည့် **"ပြင်ပ ပညာရေးအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့ (သို့)အေဂျင်စီ"** (External Quality Assurance = EQA) ရှိပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် အဲဒီအဖွဲ့ဟာ ဝန်ကြီးချုပ်ရဲ့တိုက်ရိုက်စီမံခန့်ခွဲမှုအောက်မှာပါ။ ကျွန်တော်တို့ဟာ ၂၀၁၅ မှာ အာဆီယံတက္ကသိုလ်များကွန်ရက် (AUN = Asia Universities Network)ကို ဝင်ရတော့မှာဖြစ်တဲ့အတွက် အဲဒီအချိန် ကျရင် AUN အဖွဲ့ဝင်နိုင်ငံများမှ တက္ကသိုလ်တွေကလာပြီး အရည်အသွေး စစ်ဆေးတာကို ခံနိုင်စွမ်းရှိရပါမယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဆီမှာ ယခင်က မရှိခဲ့တဲ့ အရည်အသွေးထိန်းသိမ်းရေး အေဂျင်စီတော့ မဖြစ်မနေအမြန်ဆုံး ဖွဲ့သင့်ပါပြီ။

အားလုံးကိုချုပ်၍ မြန်မာ့ပညာရေးအဆင့်မြှင့်တင်မှုကို ဆောင်ရွက်ကြရာတွင် ယနေ့အရေးတကြီး လုပ်ဆောင်ရမည့်အချက်များကို အကြံပြုရရင်-

(က) ပါရဂူမြောက် **"ပညာရေးပညာရှင်"**များ(ပညာရပ်ပညာရှင်များ မဟုတ်ပါ)လေ့ကျင့်မွေးထုတ်(ပြည်တွင်း၊ ပြည်ပတွင်လေ့ကျင့်မှု) ခြင်း
(ခ) ပညာရေးအရည်အသွေး အကဲဖြတ်ပညာရှင်(ပညာရပ် အကဲဖြတ်ပညာရှင်များမဟုတ်ပါ)ပေါ်ထွန်းလာစေရန် ပညာသင်စေလွှတ်ခြင်း(သို့)နိုင်ငံခြားပညာရှင်များဖိတ်ခေါ်၍ သင်တန်းပို့ချခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်းနှင့်
(ဂ) **"နိုင်ငံတော်အဆင့် ပညာရေးအရည်အသွေးအာမခံမှုကို ထိန်းသိမ်းရေးအဖွဲ့တစ်ခု"**ကို မဖြစ်မနေဖွဲ့စည်းတည်ထောင်ခြင်းတို့ဖြစ်ပါတယ်။

သို့ပါ၍ မြန်မာ့ပညာရေးအရှိန်အဟုန်ဖြင့် ဦးမော့လာရေးအတွက် အရေးတကြီးလိုအပ်သော အထက်ပါလုပ်ငန်းသုံးခုကို အမြန်အကောင်အထည်ဖော်ပေးကြပါရန် အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

●ပြည်ထောင်စုလွှတ်တော်မှ

တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ ဆန္ဒရယူဆောင်ရွက်သည်။

ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ပုဒ်မ ၅၂(ဂ)၊ ပုဒ်မ ၆၃၊ ပုဒ်မ ၈၈(ဂ)ပါပြဋ္ဌာန်းချက် (၃)ရပ်ကိုနိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဖြည့်စွက်ရန်၊ ပုဒ်မ ၃(ည)နှင့် ပုဒ်မ ၆၄ပါပြဋ္ဌာန်းချက်(၂)ရပ်ကိုပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အတိုင်းဆက်လက်ထားရှိရန် ဖော်ပြထားပြီး အပိုဒ် ၃(ည)နှင့်အပိုဒ် ၆၄ တို့ကို မူလအတည်ပြုချက်အတိုင်းထားရှိရန်နှင့် အပိုဒ် ၅၂(ဂ)၊ အပိုဒ် ၆၃ နှင့်အပိုဒ် ၈၈(ဂ)တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ဖြည့်စွက်ချက်အတိုင်း ထားရှိရန် အတည်ပြု ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားရှင်းလင်းပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ ဆန္ဒရယူဆောင်ရွက်သည်။

ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် နိုင်ငံတော်သမ္မတ၏ သဘောထားအယူအဆနှင့် ထောက်ပြချက်များသည် ပြည်ထောင်စုလွှတ်တော်၏သဘောထားများနှင့် အခြေခံအားဖြင့် ကွာဟမှုမရှိကြောင်း သုံးသပ်ရရှိသဖြင့် ထပ်မံပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့မပြုသင့်ဘဲ ပုဒ်မ ၂(င)၊ ပုဒ်မ ၆(က)၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့်ပုဒ်မ ၂၈ တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည့်အတိုင်းထားရှိသင့်ကြောင်း ဖော်ပြပါရှိပြီး အပိုဒ် ၂(င)၊ အပိုဒ် ၆(က)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ နှင့်အပိုဒ် ၂၈ တို့ကို မူလအတည်ပြုချက်အတိုင်းထားရှိရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း (၃)ခုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ ဆုံးဖြတ်ချက်များအတိုင်း ပြင်ဆင်ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို အစီအစဉ် (၁၁)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတတိယနေ့ကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း အစည်းအဝေးတက်ရောက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၁၀-၂၀၁၃ (သောကြာနေ့)

[၁၃၇၅ခုနှစ် တော်သလင်းလကွယ် (ဥပုသ်နေ့)]

၆း၀၀	ပရိတ်တရားတော်
၆း၅၀	“ ကြည်ညိုပူဇော်အဝိဇ္ဇဟိတလေး ဌာနနေရာတော်”
၈း၂၅	အိန္ဒိယရုပ်ရှင် “ဖြူစင်မေတ္တာ” (အပိုင်း-၁၀၇)
၁၀း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေမင်းသားရဲ့သုခကမ္ဘာ” (အပိုင်း-၃၂)
၁၁း၀၅	ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၁း၄၅	ပျော်ရွှင်စေသောနေ့ရက်များ “နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ယောကျ်ား” (အပိုင်း-၆) (နေတိုး၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ) (ဒါရိုက်တာ-မီးပွား)
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင်
၃း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ “နိမိတ်ပုံရိပ်” (အပိုင်း-၃၈)
၆း၄၀	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့

○ပြည်သူ့လွှတ်တော်မှ

သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ” ဟု ဖော်ပြထားပြီး ယင်းဥပဒေ**ပုဒ်မ ၂၃၂ (ဍ)တွင်** “ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ”ဟု ဖော်ပြထားသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်

ထို့ပြင် ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **စစ်ဘေးဒဏ်ကြောင့် ခြေလက်အင်္ဂါပြတ်တောက်ချို့တဲ့ခဲ့ရသူများအား** နိုင်ငံတော်အစိုးရက အကူအညီပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော ခြေလက်အင်္ဂါချို့ယွင်းသူများအား ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် ခြေတုလက်တုများ အခမဲ့တပ်ဆင်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သောဆေးဝါးများကိုလည်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အဆိုပါဆေးရုံတွင် ခြေတုတပ်ဆင်ရန် လာရောက်သောလူနာများအတွက် တစ်လလျှင် ခြေတု(၃၀) မှ (၅၀)အထိ အခမဲ့တပ်ဆင်ပေးလျက်ရှိပါကြောင်း။

လူနာများ ခြေတုတပ်ဆင်ရန် ဆေးရုံတက်ရောက်နေစဉ် ဆေးလူမှုဆက်ဆံရေးမှူးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာန၊ Association of Aid and Relief(Japan) တို့နှင့် ချိတ်ဆက်၍ ၎င်းတို့ဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများဖြစ်သည့် ဆံပင်ညှပ်၊ အီလက်ထရွန်နစ်၊ ကွန်ပျူတာ၊ စက်ချုပ်ပညာများ သင်ယူနိုင်စေရန်အတွက် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ရှိ မြို့နယ်များသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လက်အောက်ရှိ စီမံချက်ဝင်မြို့နယ်များတွင် ပါဝင်သည့်အတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း အထောက်အပံ့ဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကာ ခြေတုလက်တုများ တပ်ဆင်ပေးခြင်းအပြင် ခရီးစရိတ်များ ထောက်ပံ့ပေးခြင်းကိုပါ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဘားအံမြို့ရှိ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ ဒေသအနှံ့ ခြေတုရရှိရေးအစီအစဉ်၏ ကွင်းဆင်းတာဝန်ခံများက ကျောက်ကြီးမြို့နယ်အတွင်းရှိ ခြေလက်အင်္ဂါချို့ယွင်းသွားသူများအတွက် ခြေတုများ တပ်ဆင်ပေးခြင်းလုပ်ငန်းများကို မြို့နယ်ကြက်ခြေနီအသင်းဝင်များနှင့် ပူးပေါင်း၍ နှစ်စဉ် အနည်းဆုံး (၂)ကြိမ်မှ (၃)ကြိမ်အထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ခြေတုလက်တု မတပ်ဆင်ရသေးသူများကို ရှာဖွေဖော်ထုတ်တပ်ဆင်ပေးခြင်း၊ တပ်ဆင်ပြီးသူများ အနက်မှ အသစ်ပြန်လည်လဲလှယ်ရန် လိုအပ်သူများအတွက် ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း The Leprosy of Mission International, Letter Day Seint Charity နှင့် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်မစွမ်းအဖွဲ့အစည်း စသည့်ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ခြေတုများ ပုံမှန်တပ်ဆင် လှူဒါန်းခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်မစွမ်းသူများပူးပေါင်း၍ ခြေတု အချောင်း(၄၀)နှင့် ၂၀၁၃ ခုနှစ် မေလ ၃၀ ရက်တွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ခြေတုအချောင်း(၅၀) လှူဒါန်းနိုင်ခဲ့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းသည့် **သယ်န်းကျွန်းမြို့နယ်အတွင်းရှိ စံပြဆေးရုံကြီးအား ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် ဤလွှတ်တော်မှ ပြည်ထောင်စု အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်

က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်နိုင်ရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ တင်ပြတောင်းခံရန် စီစဉ်ထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ရာ အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၁၀) ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးစတုတ္ထနေ့ကို အောက်တိုဘာ (၇)ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

❖ အမျိုးသားလွှတ်တော်မှ

အကောင်အထည်ဖော်မည့် စနစ်အားပညာရေးလုပ်သား ဆရာ/ ဆရာမများနှင့် မိဘပြည်သူများသို့ အသိပေးရှင်းလင်းပေးစေလိုကြောင်း” မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယင်းသို့ပြောင်းလဲခြင်းဖြင့် သူငယ်တန်း (kindergarden-KG)ကို အခြေခံပညာရေးစနစ်အတွင်း ထည့်သွင်း၍

ဒုတိယဝန်ကြီး
ဒေါက်တာစန်းလွင်

မသင်မနေရ သတ်မှတ်ခြင်းဖြင့် အာဆီယံဒေသအတွင်း မူလတန်းကြိုပညာရေး လွှမ်းခြုံမှုရာခိုင်နှုန်း အနိမ့်ဆုံးဖြစ်နေသည့် မြန်မာနိုင်ငံ၏ အခြေအနေကို အချိန်တိုအတွင်း မူကြိုပညာရေး လွှမ်းခြုံမှုကိုမြင့်မားစေကာ နိုင်ငံတစ်ဝန်းလုံးရှိ (၅)နှစ်အရွယ်ကလေးအားလုံးကို မူကြိုပညာရေးသင်ယူမှု အခွင့်အလမ်း အပြည့်အဝရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

KG ကို လက်ရှိသူငယ်တန်းကဲ့သို့ စာသင်ကြားသည့်ပုံစံမျိုးမဟုတ်ဘဲ Learning Through Playing ပုံစံဖြင့် သင်ကြားမည်ဖြစ်သဖြင့် အသိဉာဏ်၊ ဘာသာစကား၊ ကာယ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်လှုပ်ရှား ဖွံ့ဖြိုးမှုများရရှိစေကာ ကျောင်းတက်ရန် အဆင်သင့်ဖြစ်စေရေးနှင့် ကျောင်းသို့ကူးပြောင်းစကာလအတွက် ပြင်ဆင်လေ့ကျင့်မှုရရှိစေမည့် ပုံစံမျိုးဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ KG + ၅-၄-၃ ဖွဲ့စည်းပုံအရ သူငယ်တန်း (KG)နှင့် အတန်းစဉ်အလိုက် ပြုပြင်ပြောင်းလဲ ရေးဆွဲထားသည့် သင်ရိုးသစ်များဖြင့် လေ့ကျင့်သင်ကြားပေးပါက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အထက်တန်းဆင့်၌ တစ်တန်းထပ်တိုး၍ Grade 12 ကိုစတင်သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပညာသင်ကာလမှာ KG + ၁၂ နှစ်ဖြင့် ပေါင်း (၁၃)နှစ်ရှိမည်ဖြစ်ပြီး အခြေခံပညာသင်ကာလပြီးဆုံးသည့် ကျောင်းသား၊ ကျောင်းသူများသည် အသက်(၁၈)နှစ်ရင့်ကျက်သည့် အသက်အရွယ်တွင် အဆင့်မြင့်ပညာတက္ကသိုလ်များသို့ တက်ရောက်နိုင်မည်ဖြစ်၍ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေမည် ဖြစ်ပါကြောင်း၊ စီမံချက်(မူကြမ်း)ကို ရေးဆွဲလျက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လွှတ်တော်များသို့တင်ပြ၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပညာရေးဆိုင်ရာ မေးခွန်း(၃)ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း၏ **“အင်္ဂပူမြို့နယ် အင်ပင်ကုန်းကျေးရွာအုပ်စု မြစ်ပုတ်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးတွဲဖက်အခြေခံပညာ မူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ) သို့မဟုတ် အခြေခံပညာမူလတန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ အဆိုပါ ကျောင်းအား အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ရန် သက်ဆိုင်ရာကျောင်းမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် တင်ပြထားရန် လိုအပ်ပါကြောင်းဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **“ရေနံချောင်းမြို့နယ် ဆေးပုလဲတောကျေးရွာ အမှတ်(၉၄) အခြေခံပညာမူလတန်းကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပေးပြီး နိုင်ငံတော်အစိုးရမှ ပေ(၁၂၀ × ၃၀)ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်”** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေ ခေါင်းစဉ်အောက်တွင် အဆိုပါကျောင်းဆောင်အား ဆောက်လုပ်ပေးရန် ရန်ပုံငွေမပါရှိပါသဖြင့် အသစ်ဆောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးအုန်းတင်၏ **“မာန်အောင်မြို့နယ် ဆင်နားချောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း (၂)ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါကျောင်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု

ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့်လည်းကောင်း ဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်း**ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

စနစ်တကျနေရာချထားပေးနေမှုနှင့် မြို့တည်ငြိမ်အေးချမ်းလာမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြည်နယ်အတွင်း ပဋိပက္ခများဖြစ်ပွားခဲ့မှုအခြေအနေ၊ ပြန်လည်တည်ငြိမ်အေးချမ်းရေး အတွက် ဆောင်ရွက်ခဲ့မှု၊ ဒုက္ခသည်စခန်းများဖွင့်လှစ်ထားမှုနှင့် အမိုးအကာအောက် ရောက်ရှိရေးအတွက် နေအိမ်တန်းလျားများ တည်ဆောက်ပြီးစီးမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို သိရှိနိုင်ရန်နှင့် ပြည်ထောင်စုအစိုးရက ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို သိရှိရန်လိုအပ်သကဲ့သို့ ပြည်သူဗဟိုပြုမူဝါဒအရ လုပ်ငန်းဆောင်ရွက်နေမှုများကို သိရှိရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်သည် မြေဩဇာကောင်းမွန်သည့် စိုက်ပျိုးမြေများရှိမှု၊ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းရှိမှု၊ နယ်စပ်ကုန်သွယ်ရေး တံခါးပေါက်ကို ပိုင်ဆိုင်ထားမှု စသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများကို ပိုင်ဆိုင်ထားကြောင်း၊ ဒေသအလိုက် ကြည့်လျှင် စစ်တွေခရိုင်အနေဖြင့် စစ်တွေ - ပလက်ဝ - ကုလားတန် စီမံကိန်းဖြင့်လည်းကောင်း၊ မြောက်ဦးခရိုင်နှင့် သံတွဲခရိုင်တို့တွင် ခရီးသွားလုပ်ငန်းနှင့် လယ်ယာထွက်ကုန် အခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများဖြင့်လည်းကောင်း၊ ကျောက်ဖြူခရိုင်အနေဖြင့် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းဖြင့် လည်းကောင်း၊ မောင်တောခရိုင်အနေဖြင့် နယ်စပ်ကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖြင့် လည်းကောင်း ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေအနေကောင်းများရှိကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းကို အကောင်အထည်ဖော် ခြင်းအားဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အား ရရှိမှုသည် အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကာလကပင် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း နှစ်ခုအနက် စိုင်ဒင်ရေအားလျှပ်စစ် စီမံကိန်းမှာ ငလျင်ကြောပေါ်တွင် ကျရောက်နေသဖြင့် အကောင်အထည်ဖော်ရန် မဖြစ်နိုင်တော့ကြောင်း၊ သူ့ငွေချောင်းရေအား လျှပ်စစ်စီမံကိန်းမှာလည်း အောက်ခံမြေသား ခိုင်မာမှုမရှိသဖြင့် တည်ဆောက်ရာတွင် နှောင့်နှေးမှုများ ရှိနေကြောင်း၊ ထို့ကြောင့် ကျောက်ဖြူတွင် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် မီးလင်းရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် မီးလင်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သို့သော် ပြီးခဲ့သည့်နှစ်က စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ခဲ့ရကြောင်း၊ ယင်းထိခိုက်မှုသည် ရခိုင်ပြည်နယ် တစ်ခုတည်းသာ မဟုတ်ဘဲ နိုင်ငံတော်အတွက်ပါ ထိခိုက်မှုဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင်ပါ နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေခဲ့ကြောင်း။

ထို့ပြင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရမည့်ငွေကြေးများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုနေရကြောင်း၊ လက်ရှိအချိန်တွင် ဒုက္ခသည်တစ်သိန်းကျော်အား စားဝတ်နေရေး ထောက်ပံ့ပေးထားရပြီး နေအိမ်တန်းလျားများပါ ဆောက်လုပ်ပေးထားရကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်အထူးရန်ပုံငွေမှ ငွေကျပ် ၅ ဒသမ ၅ ဘီလီယံကျော်အပါအဝင် ၈ ဘီလီယံကျော် ကျခံသုံးစွဲထားရကြောင်း၊ ထို့ကြောင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နောက်ထပ်ပဋိပက္ခများ ထပ်မံမဖြစ်ပွားရန် လိုအပ်ကြောင်း၊ ပြည်သူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတားဆီးသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဒုတိယဝန်ကြီးများနှင့်အတူ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ကျောက်ဖြူမြို့သို့ ရောက်ရှိသည်။

ထို့နောက် လေဆိပ်ခန်းမ၌ ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အထူးစီးပွားရေးဇုန်စီမံကိန်းသည် အရေးပါကြောင်း၊ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အထူးစီးပွားရေးဇုန်များသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ စီးပွားရေးဇုန်တွင် နိုင်ငံခြားကုမ္ပဏီများသာမက တိုင်းရင်းသားလုပ်ငန်းရှင်များလည်း ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း။

ကျောက်ဖြူကဲ့သို့ပင် ထားဝယ်နှင့် သီလဝါအထူးစီးပွားရေးဇုန်များကို ဖော်ထုတ်သွားမည် ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ စတင်တည်ဆောက်ချိန်တွင် သာမန်လုပ်သားများစွာ လိုအပ်သကဲ့သို့ လုပ်ငန်းစတင်ချိန်တွင် ကျွမ်းကျင်ပညာရှင်အများအပြား လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ဘွဲ့ရလူငယ်များအနေဖြင့် အဆိုပါအလုပ်အကိုင်များကို ရရှိနိုင်မည်ဖြစ်ပြီး နည်းပညာများလည်း လွှဲပြောင်းရယူနိုင်မည်ဖြစ်ကြောင်း။

အထူးစီးပွားရေးဇုန်တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုများမရှိစေရန်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူမြို့အနေဖြင့် အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်မည့်အခြေအနေများကို မျှော်မှန်းပြီး မြို့ပြစီမံချက်ကို စနစ်တကျ ကြိုတင်ရေးဆွဲထားရန်လိုအပ်ကြောင်း။

ယခုအချိန်တွင် အထူးစီးပွားရေးဇုန်နှင့် ပတ်သက်ပြီး သတင်းမှားများ ထုတ်လွှင့် ဖြန့်ချိနေသူများရှိသဖြင့် အမြော်အမြင်ကြီးမားစွာဖြင့် သုံးသပ်လုပ်ဆောင်ရန်၊ အနာဂတ်မျိုးဆက်များအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ ကျောက်ဖြူမြို့ မီးလင်းရေးအတွက် လက်ရှိ သုံးမဂ္ဂါဝပ်ကို မီးစက်ကြီးဖြင့် ဖြည့်ဆည်းပေးနေကြောင်း၊ နောင်တွင် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး စက်ရုံဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး မီးလင်းရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အထက်ပါ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန်အတွက် တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ဖြစ်ပွားခဲ့သည့် ကိစ္စများအတွက် အပြန်အလှန် အပြစ်တင်နေမည့် အစား သင်ခန်းစာဖော်ထုတ်ပြီး နောင်ထပ်မံမဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လို ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ကျောက်ဖြူမြို့အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် သံတွဲမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့တွင်းသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ ကျောက်တော်မြို့နှင့် မောင်တောမြို့တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့သို့ရောက်ရှိလာရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့သည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနိုင်တို့ လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မြောက်ဦးမြို့သို့ရောက်ရှိ၍ မြို့ တည်ငြိမ်အေးချမ်းမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် မြောက်ဦးမြို့ နဝရတ်ဟိုတယ်ဧည့်ခန်းမ၌ မြောက်ဦး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦးတို့က မြောက်ဦးမြို့သို့ နှစ်အလိုက် ကမ္ဘာလှည့် ခရီးသွားများ လာရောက်မှု အခြေအနေနှင့် လေယာဉ်ကွင်း တည်ဆောက်နိုင်မည့် အခြေအနေ တို့ကိုရှင်းလင်းတင်ပြရာ နိုင်ငံတော် သမ္မတက ခရိုင်၏ အဓိကစီးပွားရေး လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ခရီး သွားလုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် တစ်သီးအစား နှစ်သီးအထိ စိုက်ပျိုး နိုင်ရေး၊ လယ်ယာထွက်ကုန်များကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် လိုအပ် ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိမှ ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ် ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြား သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ သည် မြောက်ဦးမြို့ရှိ ရှေးဟောင်း သမိုင်းဝင် သျှစ်သောင်း(ခေါ်) ရန်အောင်ဇေယျ ပုထိုးတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် ကျောက်တော် မြို့သို့ ရောက်ရှိကြပြီး သမိုင်းဝင် မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော် ကြည်ညိုကာ ရွှေသင်္ကန်းကပ်လှူ ပူဇော်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်တော်မြို့၌ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် မြို့နယ်ရှိ နဝရတ် ခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အစိုးရ၏ မူဝါဒသည် ပြည်သူကို ဗဟိုပြုသော မူဝါဒဖြစ် ကြောင်း၊ ယခင်ကကဲ့သို့ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်မှ ချပေးသည့်အတိုင်း လုပ်ဆောင်ရ မည့်စနစ် မဟုတ်တော့ကြောင်း၊ အောက်ခြေမှစတင်ပြီး မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုသည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းတင်ပြရန် ဖြစ်ကြောင်း။

မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီများ နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်၊ လွှတ်တော် ကိုယ်စားလှယ်များကိုလည်း ဖိတ် ကြားပြီး သဘောထားအမြင်များ ဖလှယ်ရန် လိုအပ်ကြောင်း၊ ဌာန ဆိုင်ရာဝန်ထမ်းများသည် နေရာ ဒေသအသီးသီးသို့ ပြောင်းလဲတာဝန် ထမ်းဆောင်နေရသည်ဖြစ်ရာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ် ချက်များကို ဒေသခံများကသာ အသိ ဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်သူ များ၏ ဆန္ဒသဘောထားနှစ်ရပ် ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင် ပေးလျက်ရှိကြောင်း၊ တည်ငြိမ် အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှု များကိုဖော်ဆောင်၍ မရကြောင်း၊ ပြီးခဲ့သည့်နှစ်မှစတင်၍ ပြည်နယ် အတွင်း ပဋိပက္ခများ ဖြစ်ပွားခဲ့မှု ကြောင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက်ခဲ့ရကြောင်း။

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခ များသည် ပြည်နယ်အတွက် ဆုံးရှုံးမှု သာ မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ထိခိုက်နစ်နာမှုဖြစ်ကြောင်း၊ ပြီးခဲ့ သည့်ဖြစ်ရပ်များအတွက် အပြန် အလှန် အပြစ်တင်နေမည့်အစား နောက်ထပ် ပဋိပက္ခများ ထပ်မံ မဖြစ်အောင် သည်းခံခြင်း၊ စာနာ ထောက်ထားခြင်းတရားများကို လက်ကိုင်ထား ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာ သူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရေပေးစနစ်တည်ဆောက် ရေးနှင့် လျှပ်စစ်မီး အချိန်ပိုပေးနိုင် ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြကြရာ နိုင်ငံတော်သမ္မတက ရေပေးစနစ် အတွက် တွက်ချက်တင်ပြရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ် မီးပေးရေးနှင့်ပတ်သက်ပြီး ကျောက်ဖြူ တွင် ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ သုံး စက်ရုံတည်ဆောက်နေမှုနှင့် မိမိတို့အစိုးရလက်ထက်တွင် ရခိုင် ပြည်နယ် မီးလင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် လျှပ်စစ်မီးရရှိရေးအတွက် ရေတို ဖြေရှင်း စီမံဆောင်ရွက်ပေးသည့် အနေဖြင့် ကျောက်တော်မီးစက် အတွက် ဒီဇယ်ဆီခွဲတမ်းပိုမိုရရှိရေး စီစဉ်ပေးခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ သည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မောင်တောခရိုင် မောင်တောမြို့သို့ ရောက်ရှိသည်။

ထို့နောက် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး နိုင်ငံတော် သမ္မတကပြောကြားရာတွင် ပညာ ရေး ဖွံ့ဖြိုးတိုးတက်မှုသည် အရေး ကြီးကြောင်း၊ လူငယ်များကို ပညာ သင်ကြားနိုင်သည့် အခွင့်အရေးများ ပေးအပ်ရန် လိုအပ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိလျှင် ဒေသ ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ကြောင်း၊ ပြီးခဲ့သည့် ပဋိပက္ခများကြောင့် ကုန်သွယ်ရေး၊ စီးပွားရေးအခြေ အနေများ ဆုတ်ယုတ်လာခဲ့သည်ကို လက်တွေ့ခံစားရပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခ များသည် ပြည်နယ်အတွက် ဆုံးရှုံးမှု သာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ထိခိုက်နစ်နာမှုဖြစ်ကြောင်း၊ နိုင်ငံ တကာတွင် မြန်မာနိုင်ငံအပေါ် ရှုမြင်သည့် ပုံရိပ်ကိုလည်း ထိခိုက် စေခဲ့ကြောင်း၊ နောက်ထပ်ပဋိပက္ခ များ မဖြစ်ပွားစေရေးအတွက် နှစ်ဖက် လူ့အသိုက်အဝန်းမှ ခေါင်းဆောင် များ ပူးပေါင်းဆောင်ရွက်ရန်လို ကြောင်း၊ စဉ်းစားတွေးခေါ်မှု ပုံစံ အဟောင်းများကို ပြောင်းလဲရမည် ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု ရရှိရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြု အဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ မောင်တော မြို့နယ်အတွင်းရှိ လမ်းများပြုပြင် နိုင်ရေးအတွက် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ သည် ဒုက္ခသည်များအတွက် လူနေ အိမ်များ ပြန်လည်ဆောက်လုပ်ပေး ထားမှုကို ရဟတ်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုပြီး ညနေပိုင်းတွင် စစ်တွေ မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

☆ ကျောဖုံးမှ

သံသယဖြစ်စရာအကြောင်းများရှိကြောင်း။

မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်တိုက်ခိုက်ခြင်းအားဖြင့် မည်သူမျှ အနိုင်မရကြကြောင်း၊ တိုင်းပြည်သာ နစ်နာဆုံးရှုံးခဲ့ရ ကြောင်း၊ ထို့ကြောင့် ယခုအခါ စေ့စပ်ဆွေးနွေးပြီး နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် အားလုံးကြိုးပမ်းဆောင် ရွက်နေပြီဖြစ်ကြောင်း၊ ထိုအချိန်မျိုး တွင် ရခိုင်ပြည်နယ်၌ သာမန်အငြင်း ပွားမှု၊ ရာဇဝတ်မှုကိုအကြောင်းပြုပြီး လူမျိုးရေး၊ ဘာသာရေးပဋိပက္ခအသွင် ဖြစ်အောင် အကြမ်းဖက်မှုများ ကျူးလွန်လာခြင်းကို လက်မခံနိုင် ကြောင်း၊ အကြမ်းဖက်ခြင်းသည် ပြဿနာကို ဖြေရှင်းနိုင်သည့် နည်းလမ်းမဟုတ်ဘဲ ပဋိပက္ခကိုပိုပြီး အရှိန်မြင့်စေသဖြင့် ညှိနှိုင်းဆွေးနွေး ခြင်းဖြင့်သာ အဖြေရှာသင့်ကြောင်း။

ရခိုင်တိုင်းရင်းသားများနှင့် ကမန် တိုင်းရင်းသားများသည် နှစ်ပေါင်း များစွာ အေးချမ်းစွာအတူယှဉ်တွဲ နေထိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင် ဘေးပယောဂများကြောင့် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ မိမိတို့ရရှိထားသည့် အထောက် အထားများအရ ကျေးရွာများကို လာရောက် မီးရှို့ဖျက်ဆီးသူများမှာ ပြင်ပကျေးရွာများမှ လာရောက်သူ များဖြစ်သည်ဟု သိရကြောင်း။

သွေးထိုးလှုံ့ဆော်သူများနှင့် ပြစ်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး နိုင်ရန်အတွက် အားလုံးပူးပေါင်းဆောင် ရွက်ရန်လိုကြောင်း၊ သို့မှသာ ပြဿနာ အရင်းအမြစ်ကို ရှင်းလင်းနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် တရား ဥပဒေစိုးမိုးမှုရရှိစေရန်အတွက်

ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ် ထားသည့် နည်းလမ်းများအားလုံးကို အသုံးပြုပြီး မဖြစ်မနေဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ လူမျိုး၊ ဘာသာ ခွဲခြားမှုမရှိဘဲ တရားဥပဒေ အတိုင်း တိကျစွာ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှု မရှိဘဲ ပြည်သူများ စိုးရိမ်ကြောင့်ကြစွာ နေထိုင်နေရသည့် အခြေအနေ၊ အပြန်အလှန် စိုးရိမ်နေရသည့် အခြေအနေကို လက်မခံနိုင်ကြောင်း၊ ပဋိပက္ခများကြောင့် ရခိုင်ပြည်နယ် တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းခဲ့ရသကဲ့သို့ နိုင်ငံတော် အနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် အသုံးပြုရမည့် ငွေကြေးနှင့် အခြားအရင်းအမြစ် များကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သုံးစွဲခဲ့ရသော ကြောင့် ဒေသအတွက် ထိခိုက် နစ်နာရပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာ မှ အသိအမှတ်ပြုချီးကျူးနေချိန်တွင် ယခုပဋိပက္ခများကြောင့် နိုင်ငံနှင့် လူမျိုးအပေါ် မျက်နှာပျက်စရာများ ဖြစ်ခဲ့ရကြောင်း၊ တည်ငြိမ်အေးချမ်းမှု မရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမရနိုင်ကြောင်း၊ ဉာဏ်ပညာ အတွေ့အကြုံရင့်ကျက် သည့် လူကြီးများက သွေးထိုးလှုံ့ဆော် မှုများနားမယောင်စေရန်အတွက် လူငယ်များအား သွန်သင်ဆုံးမရန်၊ နောက်ထပ် ပဋိပက္ခများ ထပ်မံမဖြစ် ပွားရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ရန်လိုကြောင်း။

ငပလီကမ်းခြေသည် ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့်နေရာဖြစ် သည့်အတွက် ငပလီအပါအဝင် သံတွဲ ဒေသတွင် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေးအတွက် နိုင်ငံ တော်က စီမံချက်ရေးဆွဲဆောင်ရွက် သွားမည်ဖြစ်ရာ ဒေသခံပြည်သူများ ကလည်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိအောင် ကူညီ ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သံတွဲမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ နှင့် တွေ့ဆုံသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီး သည် ဝင်ရောက်မှု၊ တစ်နိုင်ငံလုံးရှိ ဟိုတယ်နှင့် အခန်းများအခြေအနေ၊ ရခိုင်ပြည်နယ်ရှိ ခရီးစဉ်ဒေသများ၊ သံတွဲဟိုတယ်ဇုန်တည်ဆောက်ရေး နှင့် ငပလီကမ်းခြေသာယာလှပရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံတွဲမြို့ရှိ ဟိုတယ်လုပ်ငန်းရှင် များအား ငပလီကမ်းခြေဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရ၊ လုပ်ငန်းရှင် များနှင့် ဒေသခံများပူးပေါင်းဆောင် ရွက်မည့် အစီအစဉ်များကိုရှင်းလင်း ပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက် ခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ သည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် သံတွဲမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ သည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နိုင်ငံတော်အထူးရန်ပုံငွေဘတ်ဂျက်ဖြင့် ကျခံသုံးစွဲမှုအခြေအနေ

စဉ်	တာဝန်ယူဆောင်ရွက်သည့်ဌာန	သုံးစွဲသည့်အကြောင်းအရာ	မူလခွင့်ပြုရန်ပုံငွေ	ရန်ပုံငွေရရှိမှု	သုံးစွဲကုန်ကျငွေ
၁	နယ်စပ်ရေးရာဝန်ကြီးဌာန	တဲတန်းလျားများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း	၄၉၄၅၀၀၀၀၀၀	၄၉၄၅၀၀၀၀၀၀	၄၆၄၈၉၆၈၀၀၀
၂	ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း	ဓာတ်မြေဩဇာ(၆၄၀) တန်နှင့်ထွန်ယက်ဒီဇယ်ဆီ (၁၇၅၀၀) ဂါလန်ဖြန့်ဖြူးခြင်း	၂၁၅၃၃၁၀၀၀	၂၁၅၃၃၁၀၀၀	၂၈၄၉၀၃၃၀၇
၃	ငါးလုပ်ငန်းဦးစီးဌာန	ပိုက်၊ကွန်၊စက်လှေ၊လက်လှေများ ဖြန့်ဖြူးခြင်း	၄၃၀၇၈၃၄၀၀	၃၉၂၈၄၄၀၀၀	၃၉၂၈၄၄၀၀၀
၄	စက်မှုလယ်ယာဦးစီးဌာန	ထွန်စက်ကြီး(၂) စီးနှင့် လက်တွန်းထွန်စက် (၂၈၈)စီး ဖြန့်ဖြူးခြင်း	၂၃၃၀၉၀၀၀	-	၃၇၈၈၉၉၀၆
၅	ပညာရေးဦးစီးဌာန	လုပ်အားပေးဆရာ၊ဆရာမများ အား ထောက်ပံ့ခြင်း	၄၄၉၀၀၀၀	၄၄၉၀၀၀၀	-
၆	ကျန်းမာရေးဦးစီးဌာန	ယာယီဆေးပေးခန်း ဆောက်လုပ်ပေးခြင်း	၁၇၅၀၀၀၀၀	၁၇၅၀၀၀၀၀	-
၇	စိုက်ပျိုးရေးဦးစီးဌာန	မျိုးစပါး(၁၉၈၆၀) တင်းအား မြို့နယ်များဖြန့်ဝေပေးခြင်း	၁၆၂၈၈၉၀၀၀	-	၁၆၂၂၉၁၇၃၈
၈	ဆည်မြောင်းဦးစီးဌာန	မြေသားသောက်သုံးရေကန် ၁၀ ကန်နှင့် လက်တူးတွင်း လေးတွင်း တူးဖော်ပေးခြင်း	၃၄၈၂၁၀၀၀	-	၂၉၅၁၇၂၈
	စုစုပေါင်း		၆၀၃၂၀၃၃၄၀၀	၅၇၇၃၀၇၅၀၀၀	၅၅၅၆၄၄၈၆၇၉

	ကျပ်သန်း	အမေရိကန်ဒေါ်လာ
နိုင်ငံတော်ဘတ်ဂျက်မှ သုံးစွဲငွေပေါင်း	၅၅၅၆. ၄၄၂	
လှူဒါန်းငွေဖြင့်သုံးစွဲငွေပေါင်း	၂၇၃၇. ၈၈၄	၁၃၃၂၂. ၀၀
ယနေ့ထိသုံးစွဲငွေစုစုပေါင်း	**၈၂၉၄. ၃၂၆**	**၁၃၃၂၂. ၀၀**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရေး စည်းဝေး

နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံတော် အစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား ကနဦး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယ အကြိမ် ညှိနှိုင်းအစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဂျပန်နိုင်ငံ ဘက်မှ အထူးအာဏာကုန်လွှဲအပ် ခံရသော သံအမတ်ကြီး H.E. Mr. Mikio NUMATA တို့က ဦးဆောင် ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်က မြန်မာ နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် ကောင်းများ ဖန်တီးနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအား စနစ်တကျ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါ ကြောင်း၊ ပိုမိုစိတ်ချလုံခြုံမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဝန်းကျင် ဖန်တီးပေးနိုင်ရေးအတွက် ပြည်တွင်း ပြည်ပရှိ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ လုပ်ငန်းအဖွဲ့များဖွဲ့စည်း ကာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန် နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ စီမံချက်များကိုလည်း ဦးစားပေး အစီ အစဉ်များအရ မြန်ဆန်စွာပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှုမူဝါဒနှင့် အကောက်ခွန် ရှင်းလင်းရေးကိစ္စရပ်များကို ချောမော လျင်မြန်စွာ ဆောင်ရွက်ပေးရေး၊ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ် ပေးရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Mikio NUMATA နှင့် မြန်မာနိုင်ငံ အခြေ စိုက် ဂျပန်ကုမ္ပဏီများမှ ကိုယ်စားလှယ် များက ဗီဇာကိစ္စ၊ ကုန်သွယ်ရေးမူဝါဒ၊ အာမခံစနစ်၊ အခွန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် တက်ရောက်သူများက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်စပ်လျဉ်း ၍ အခွင့်အလမ်းများ၊ အခြေခံ အဆောက်အအုံဆိုင်ရာ တိုးတက်မှု၊ အာမခံစနစ်၊ နိုင်ငံခြားကုမ္ပဏီများ အတွက်သင့်လျော်သည့် အာမခံစနစ် ထားရှိရေး၊ အလုပ်သမားရေးရာ အငြင်း ပွားမှုဖြေရှင်းချက်နှင့် အခြားအုပ်ချုပ်မှု ဆိုင်ရာလုပ်ငန်းစဉ်များကို ပါဝင် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

Pre-SEA Games Futsal Test Match, 2013 ဗိုလ်လုပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များနှင့် တာဝန်ရှိ သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တတိယဆုရ မြန်မာအမျိုး သမီး အသင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော် ဝင်းက ဒုတိယဆုရ ထိုင်းအမျိုးသမီးအသင်းအား လည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီးက ပထမဆုရ ဗီယက်နမ် အမျိုးသမီးအသင်းနှင့် အသန့်ရှင်းဆုံးဆုရ မလေးရှား အမျိုးသမီးအသင်းတို့အားလည်းကောင်း ဆုများချီးမြှင့်ကြ သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက တတိယဆုရ မြန်မာ(က) အမျိုးသားအသင်းအား လည်း ကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဆုရ မလေးရှားအမျိုး သားအသင်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ပထမဆုရ ထိုင်းအမျိုးသားအသင်းနှင့် အသန့်ရှင်းဆုံးဆုရ မြန်မာ(ခ) အမျိုးသားအသင်းတို့အား လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်ာန်းကျွန်း မိကျောင်းကန်မြေကိစ္စ ဆန္ဒဖော်ထုတ်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန် အောက်တိုဘာ ၃

ယမန်နေ့က စတင်ခဲ့သည့် သင်္ဃန်း ကျွန်းမြို့နယ် မိကျောင်းကန်မြေ သိမ်းဆည်းခံရမှုကြောင့် ခွင့်ပြုချက် မရှိဘဲ စုဝေးဆန္ဒပြမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း ဦးဆောင်၍ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲ ပြုလုပ်ခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ သတင်းမီဒီယာများနှင့် စိတ်ဝင်စားသူများ အင်အား ၆၀ ခန့် တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲ၌ ဗိုလ်မှူးကြီး တင်ဝင်းကပြောကြားရာတွင် ယခု ဖြစ်စဉ်တွင် မိကျောင်းကန်အပိုင်း (၁၊ ၂၊ ၃)၌ နေထိုင်ကြသော ပြည်သူ များအနေဖြင့် မူလကအေးချမ်းစွာ နေထိုင်ခဲ့ကြသော်လည်း ပြင်ပမှ အရောင်ဆိုးသဖြင့် ယခုလို ဒုက္ခ ဆင်းရဲခံရပြီး ဥပဒေနှင့်မညီညွတ်သည့် ကိစ္စများကို ကျူးလွန်ဆောင်ရွက်ခြင်း ဖြစ်နိုင်ကြောင်း၊ အခင်းဖြစ်မြေသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်က စီမံခန့်ခွဲပေးခဲ့သည့် မြေဖြစ်ကြောင်း၊ လက်ရှိတွင် တပ်မတော်ပိုင်မြေဖြစ်ကြောင်း၊ ဆန္ဒ ပြသူများအနေဖြင့် မိမိတို့ အမှန် တကယ် ပိုင်ဆိုင်ကြောင်း အထောက် အထားခိုင်လုံစွာဖြင့် တင်ပြလာပါက ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထား စိစစ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလို ဥပဒေမဲ့ ဆောင်ရွက်ရန်မသင့်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုက ရွေးချယ်ထားသော အစိုးရဖြစ်သဖြင့် ယခုဖြစ်စဉ်ကို စောင့်ကြည့်သုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် စီမံဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ အခုအခြေ အနေမှာ ကျန်းမာရေးချို့တဲ့သူတွေ ရှိလို့ အရေးပေါ် လူနာတင်ယာဉ်နဲ့ ဆေးခန်းတစ်ခု ဖွင့်လှစ်ပေးထားပါ ကြောင်း၊ ဘယ်လိုပဲဖြစ်စေ ဥပဒေနဲ့ မညီတဲ့ကိစ္စဖြစ်လို့ တာဝန်ရှိသူတွေကို အရေးယူသွားမည်ဖြစ်ကြောင်း စသည် ဖြင့်ပြောကြားခဲ့သည်။

ဆက်လက်၍ မိကျောင်းကန်မြေ ကိစ္စနှင့်စပ်လျဉ်း၍ မြေရာဇဝင်ကို ရန်ကုန်တိုင်းဒေသကြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန တာဝန် ရှိသူမှလည်းကောင်း၊ ဥပဒေကြောင်း ရာကိစ္စများနှင့်စပ်လျဉ်း၍ ရန်ကုန် တိုင်းဒေသကြီး ဥပဒေအရာရှိမှလည်း ကောင်း၊ တရားဥပဒေစိုးမိုးရေးဆောင် ရွက်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူတို့မှ လည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ များမှ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

❑ ရန်ကုန်မြစ်အတွင်းမှ

လှိုင်းကြီးနေတယ်။ လှေပေါ်တင်ထားတဲ့ ပစ္စည်းတွေကို သတိထားသေချာစွာ ထားပေးပါ။ ခရီးသည်တွေလည်း သတိထားငြိမ်ငြိမ်စီးလိုက်ကြပါ။ မစိုးရိမ်ပါနဲ့” ဟု သတိပေးအားပေးစကားဆိုသည်။

အဆိုပါ လှိုင်းကြီးလေထန်မှုသည် ရန်ကုန်မြစ်အတွင်းရှိ ဒလဘက်မှ ရန်ကုန်ဘက်ကမ်းသွားဆိပ်ကမ်းတစ်လျှောက်ရှိ သမ္ဗန်ဆိပ်များ၌ အခက်အခဲ ကြုံတွေ့ရပြီး နံနက် ၄ နာရီ သမ္ဗန်စထွက်ချိန်မှ မွန်းလွဲ ၂ နာရီကျော်အထိ ကြုံတွေ့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သန်းဌေး(ဒလ)

ဥတုရာသီ တောကိုမှီ၍

ခရီးသွားပြည်သူလူထုသို့ အသိပေးကြေညာခြင်း

မြန်မာ့မီးရထားသည် ပြည်သူတို့အားဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာ တစ်နိုင်ငံလုံးရှိ ဘူတာကြီး/ငယ်များတွင် ပြည်သူ့ဆက်ဆံရေးဌာနများ ဖွင့်လှစ်ထားရှိပြီး ပြည်သူများမှအကြံပြုချက် များ၊ တိုင်ကြားချက်များကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ရေးသားပြောဆိုနိုင်ရန် စီစဉ်ဆောင်ရွက် ထားပြီး နေ့စဉ်မြန်မာ့မီးရထားရုံးချုပ်သို့ ပေးပို့လျက်ရှိပါသည်။

မြန်မာ့မီးရထားရုံးချုပ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လေ့လာသုံးသပ်ရေးအဖွဲ့ Working Group သည် နေ့စဉ်ရရှိသောပြည်သူလူထု၏အသံများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အပတ်စဉ် ဌာနအကြီးအကဲများဖြင့် ညှိနှိုင်းဖြေရှင်း ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွဲများ ရေ၊ မီး၊ အိမ်သာများ ကောင်းမွန်ပြည့်စုံ အောင် ဆောင်ရွက်ပေးလာနိုင်ခြင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းနှင့်မန္တလေးမှပြေးဆွဲသော ရထားများ၌ တွဲ၊ ထိုင်ခုံ များတွင် ကြမ်းပိုးများအားပိုးသတ်ဆေးများဖြင့် နှိမ်နင်းခြင်း၊ တွဲနှင့်ထိုင်ခုံများ၊ ကြမ်းခင်းများ၊ အိမ်သာများအား ဆပ်ပြာရည်နှင့် အနံ့ပျောက်ဆေးရည်များသုံး၍ ဆေးကြောခြင်းများ၊ တွဲများတွင် ရေရရှိရေးတို့အား ဆောင်ရွက် ပေးလျက်ရှိသည်။

ထို့အပြင် ရထားလမ်းဝဲ/ယာရှိ ချုံနွယ်ပိတ်ပေါင်းသစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းသကဲ့သို့ ရထားလမ်းများကြံ့ခိုင်ရေးကို အရှိန်အဟုန်ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့မီးရထားဘူတာရုံတိုင်းတွင် သတ်မှတ်လက်မှတ်ခများသာကောက်ခံရေး၊ ပြန်အမ်းငွေများကို တိကျစွာ ပြန်အမ်းရေး၊ မသမာမှုများဆောင်ရွက်သည်ကို တွေ့ရှိပါကတိကျစွာမှတ်သား၍ ဘူတာများရှိ ပြည်သူ့ဆက်ဆံရေး ဌာန၊ မြန်မာ့မီးရထားတိုင်းရုံးနှင့်ရုံးချုပ်သို့ အသိပေးတိုင်ကြားပါရန် ပြည်သူများသို့ လေးစားစွာအသိပေးအပ်ပါသည်။

မြန်မာ့မီးရထား

လစ်ဗျားရှိ ရုရှားသံရုံး တိုက်ခိုက်ခံရ

၂၀၁၂ခုနှစ် ဖေဖော်ဝါရီလက ထရီပိုလီမြို့ရှိ ရုရှားသံရုံးအနီး လစ်ဗျား၌နေထိုင်သော ဆီးရီးယားမျိုးနွယ်များ ဆန္ဒပြသည့် မှတ်တမ်းပုံ။

ထရီပိုလီ အောက်တိုဘာ ၃

လစ်ဗျားနိုင်ငံရှိ ရုရှားသံရုံးကို သေနတ်သမားများက တိုက်ခိုက်ခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမည်မသိ သေနတ်သမားများက ထရီပိုလီမြို့ရှိ ရုရှားသံရုံးကို ပစ်ခတ်တိုက်ခိုက်၍ အတွင်းသို့ဝင်ရောက်နိုင်ရန် ကြိုးစားခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ရောက်ရှိနေသော အေဘီစီသတင်းထောက်က အခြေအနေမှာ ငြိမ်သက်သွားပြီဖြစ်ကြောင်း၊ သံရုံးဝန်ထမ်းများသည် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ အဆောက်အအုံအတွင်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ပြောကြားသည်။

တိုက်ခိုက်သူများသည် နေရာသုံးနေရာမှ သံရုံးခြံဝင်း၏အုတ်နံရံကို ကျော်တက်ခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဤဖြစ်ရပ်သည် စစ်သွေးကြွအုပ်စုတစ်စု၏လုပ်ဆောင်ချက် ဖြစ်ဖွယ်ရာမရှိကြောင်း လစ်ဗျားလုံခြုံရေးအဖွဲ့သတင်းအရင်းအမြစ်က သတင်းဌာနများသို့ ပြောကြားခဲ့သည်။

မကြာသေးမီတွင် ရုရှားအမျိုးသမီးတစ်ဦးက လစ်ဗျားနိုင်ငံသားတစ်ဦးကို သတ်ပစ်ခဲ့သည်ဟူသောသတင်းများ ထွက်ပေါ်လာခြင်းအပေါ် ဒေသခံများက ဒေါသထွက်လျက်ရှိကြောင်း သတင်းပေးတစ်ဦးက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည် ဒေသခံအုပ်စုတစ်စု၏ လက်စားချေတိုက်ခိုက်ခြင်းဖြစ်သည်ဟု လုံခြုံရေးသတင်းအရင်းအမြစ်က ပြောကြားသည်။ **ဘီဘီစီ။**

သိမ်းဆည်းရမိသော ဆင်စွယ်များကို ဟောင်ကောင် အကောက်ခွန်ဌာနက သတင်းထောက်များအား ပြသစဉ်။

အင်ဒို ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးမှ တရားသူကြီးချုပ်ကို လာဘ်စားမှုဖြင့်ဖမ်းဆီး

ဂျကာတာ အောက်တိုဘာ ၃

အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ တရားသူကြီးချုပ်ကို လာဘ်ယူခဲ့သည်ဟု စွပ်စွဲချက်ဖြင့်ဖမ်းဆီးခဲ့ကြောင်း ကြာသပတေးနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

လာဘ်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ လက်ခံရယူခဲ့သည်ဟုစွပ်စွဲလျက် အဂတိတိုက်ဖျက်ရေးအရာရှိများက အကီးမော့ချ်တာကို ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နာမည်ကျော်ပုဂ္ဂိုလ်များ၏ အမှုအခင်းများတွင် နောက်ဆုံးဖြစ်ခဲ့သည့် ဤဖမ်းဆီးမှုသည် ဒေသဆိုင်ရာရွေးကောက်ပွဲတစ်ခုနှင့် ဆက်စပ်လျက်ရှိသည်ဟု တာဝန်ရှိသူများကပြောသည်။

၂၀၀၁ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော အခြေခံဥပဒေတရားရုံးသည် နိုင်ငံတော်တရားရုံးချုပ်ကဲ့သို့ တန်းတူတရားဝင် အာဏာရှိသည်။

၎င်းတရားရုံးသည် အခြေခံဥပဒေနှင့် ဆက်နွယ်နေသော အမှုအခင်းများကို ကြားနာခြင်းနှင့် ရွေးကောက်ပွဲနှင့်ဆိုင်သော အမှုများကို အဆုံးအဖြတ်ပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်သည်။

ယခုနှစ်တွင်မော့ချ်တာ(၆၂)နှစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးတွင် ငါးနှစ်တာ တာဝန်ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ ယင်းတာဝန်ကို မထမ်းဆောင်မီက ဂေါ်ကာပါတီဝင်တစ်ဦး ဖြစ်ခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့က ၎င်းအား ငွေကြေးများ ပေးအပ်ခဲ့သည်ဟု စွပ်စွဲချက်များထွက်ပေါ်လာပြီးနောက် ၎င်းကို ဂျကာတာရှိ နေအိမ်မှာပင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဘီဘီစီ။

မဟာဗျူဟာ သဘောတူညီချက်သစ် တောင်ကိုရီးယားနှင့် အမေရိကန် လက်မှတ်ရေးထိုး

ဆိုးလ် အောက်တိုဘာ ၃

နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်ရန် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုကို ဟန့်တားနိုင်မည့် မဟာဗျူဟာ သဘောတူညီချက်သစ်တစ်ရပ်ကို တောင်ကိုရီးယားနှင့် အမေရိကန် ပြည်ထောင်စုတို့က အောက်တိုဘာ ၂ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်ကို တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန် ကာကွယ်ရေးဝန်ကြီး ချပ်ဟေဂဲလ်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး လင်ကွမ်ကျင်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ရိုက်တာ။

မှောင်ခိုထုတ်လာသော ဆင်စွယ်များကို ဟောင်ကောင်အကောက်ခွန်ဌာန သိမ်းဆည်း

ဟောင်ကောင် အောက်တိုဘာ ၃

ဟောင်ကောင် အကောက်ခွန် အရာရှိများသည် မှောင်ခိုထုတ်လာသော ဆင်စွယ်တစ်တန်ခန့်ကို သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၃ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ဟောင်ကောင်၌ မျိုးသုဉ်းနိုင်သော ဆင်သတ္တဝါ၏ အစွယ်များကို သိမ်းဆည်းရမိမှုမှာ သုံးလအတွင်း တတိယအကြိမ်ဖြစ်သည်။

စက်တင်ဘာလ နှောင်းပိုင်းတွင် ပြုလုပ်ခဲ့သော မှောင်ခိုတင်သွင်းမှု တိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းများအတွင်း ဟောင်ကောင်ပင်လယ်ဆိပ်ကမ်း၌ စုစုပေါင်းအလေးချိန် ၇၆၉ ကီလိုဂရမ်ရှိ ဆင်စွယ် ၁၈၉ ချောင်းကို သိမ်းဆည်းရမိကြောင်း အကောက်ခွန်ဌာနက ပြောကြားသည်။

သီးခြားသင်္ဘောသုံးစင်းပေါ်တွင် တင်ဆောင်လာသည့် ကုန်သေတ္တာများအတွင်း ပဲပိစပ်အိတ်များနှင့်အတူ သို၀ှက်ယူလာသော ဆင်စွယ်များကို ဟောင်ကောင် အကောက်ခွန်ဌာနက သိမ်းဆည်းရမိခဲ့ကြောင်း ပင်လယ်ဆိပ်ကမ်းများနှင့် ပင်လယ်ရေကြောင်းဌာနချုပ်အကြီးအကဲ ဗင်းဆင့်ဝေါင်းက ပြောကြားသည်။

အဆိုပါဆင်စွယ်များကို ဂီနီပင်လယ်ကွေ့ရှိ အိုင်ဗရီကို့စ်သမ္မတနိုင်ငံမှ စတင်သယ်ယူလာခဲ့ပြီး မလေးရှားနိုင်ငံမှတစ်ဆင့် ဟောင်ကောင်သို့ ရောက်ရှိလာခဲ့ကြောင်း၊ တရုတ်ပြည်မကြီးသို့ပေးပို့ရန် ရည်ရွယ်ဖွယ်ရှိကြောင်း ဟောင်ကောင်အကောက်ခွန်ဌာနက ပြောကြားသည်။

ရိုက်တာ။

စစ္စလီကျွန်းအနီး မော်တော်ဘုတ်နစ်မြုပ်၊ ၈၂ ဦး သေဆုံး

ရောမ အောက်တိုဘာ ၃

အာဖရိကတိုက်မှ ရွှေ့ပြောင်းအခြေစိုက် နေထိုင်ရန် ထွက်ခွာလာသော ဒုက္ခသည်များလိုက်ပါလာသည့် မော်တော်ဘုတ်တစ်စင်းသည် အီတလီနိုင်ငံပိုင် စစ္စလီကျွန်းအနီးတွင် နစ်မြုပ်ခဲ့ရာ ၈၂ဦးထက်မနည်းသေဆုံးပြီး လူအများအပြား ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၃ရက်တွင် ပြောကြားသည်။

အလောင်း ၈၂လောင်းကို ဆယ်ယူရရှိခဲ့ပြီး သေဆုံးသူအများစုမှာ ဆိုမာလီနှင့် အီရီထရီးယားနိုင်ငံသားများ ဖြစ်ကြသည်။ ပင်လယ်ဆိပ်ကမ်းဘက်သို့ အလောင်းများ ဆက်လက်မျောပါနေဆဲဖြစ်သဖြင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း လမ်ပီဒူဆာကျွန်း၏ မြို့တော်ဝန် နီကိုလီနီက ပြောကြားသည်။ အဆိုပါကျွန်းသည် တူနီးရှားနှင့် မော်လ်တာနိုင်ငံအကြား တည်ရှိပြီး အီတလီပိုင် ကျွန်းတစ်ကျွန်းဖြစ်သည်။

နစ်မြုပ်ခဲ့သော မော်တော်ဘုတ်ပေါ်တွင် ရွှေ့ပြောင်းအခြေစိုက်လိုသူ ၄၀၀မှ ၅၀၀အထိ လိုက်ပါလာဖွယ်ရှိပြီး ယခုအချိန်အထိ လူ ၁၅၀ကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း အီတလီကမ်းရိုးတန်းစောင့်တပ်ဖွဲ့ကပြောကြားသည်။**ရိုက်တာ။**

ရဲဝံ့စွန့်စား စတန့်မင်းသား ချစ်ဆွေ

မြန်မာ့ရုပ်ရှင် ငွေရတုကာလ ၁၉၂၀-၁၉၄၅ ခုနှစ်က မြန်မာအဆွေ-အေဝမ်းဖလင်မှ ဝတ္ထုဇာတ်ညွှန်း ဒဂုံမြတ်လေးနွယ် (ဗိုလ်မှူးအေးငွေ)၊ဒါရိုက်တာ အေဝမ်းဦးတင်မောင်ရိုက်ကူးခဲ့သည့် "မြဂနိုင်" ဇာတ်ကားကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရံဖန်ရံခါထုတ်လွှင့်ပြသပေးသည့်အတွက် ဝမ်းသာပီတိဖြစ်မိပါသည်။ ထိုကဲ့သို့ မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလ၊ ခေတ်ဟောင်းကာလရိုက်ကူးခဲ့သည့် ဇာတ်ကားမျိုး ယခုအခါပြန်လည်ကြည့်ရှုခွင့်ရရေးမှာမလွယ်ပါ။ မြန်မာ့ရုပ်ရှင်သည် အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်တို့တွင် ဗုံးသံ၊ အမြောက်သံ၊ စက်သေနတ်သံတွေ ပွက်ပွက်ညံနေသည့်ကြားက ခက်ခဲစွာဖြတ်သန်းလာခဲ့ရသည့်အတွက် ရုပ်ရှင်ဖလင်နှင့် မှတ်တမ်းမှတ်ရာအထောက်အထားများ စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်ဖို့ရာ ခက်လှပေမည်။

ယနေ့ခေတ်သိပ္ပံနှင့် စက်မှုနည်းပညာများသည် စက္ကန့်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ရုပ်ရှင်အနုပညာနှင့် Camera Trick ခေါ် ကင်မရာလှည့်စားချက်များ၊ Special Effect ခေါ် အထူးပြုလုပ်ချက်များပေါင်းစပ်၍ ရုပ်ရှင်ကားတစ်ကားကို အရသာရှိရှိ ဘက်စုံခံစားကြည့်ရှုခွင့်ရကြသည်။ ထိုသို့မတိုးတက်မီ၊ မဖွံ့ဖြိုးမီအတိတ်ကာလ စွန့်စားခန်းများ ရိုက်ကူးရာတွင် ကင်မရာကိုအားကိုး၍မရ၊ လူအားကိုးဖြင့် တကယ်စွန့်စားကြရသည်။ ထိုသို့စွန့်စားကြသူများကို ပရိသတ်က စတန့်မင်းသားဟု တင်စားအားပေးခဲ့ကြသည်။

"စတန့်" ဟူသော စကားမှာ မြန်မာဝေါဟာရမဟုတ်၊ Stunt အင်္ဂလိပ်ဝေါဟာရဖြစ်သည်။ အများသူငါမလုပ်ရဲ၊ မလုပ်နိုင်သောအလုပ်ကို ထူးထူးကဲကဲစွန့်စားပြုလုပ်သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ မြန်မာ့ရုပ်ရှင်ပထမဦးဆုံးသော စတန့်မင်းသားမှာ နိုင်ငံကျော်စာရေးဆရာကြီး ပီမိုးနင်း၏သားဗစ်တာမိုးနင်း (ခေါ်) ဘမောင် (ခေါ်) ကျော်စိုး၊ နိုင်ငံခြားမှဆက်ကပ်ပညာများသင်ယူခဲ့ပြီး မြန်မာအဆွေဖလင်မှ ဒါရိုက်တာဦးညီပုရိုက်ကူးသည့် "ရွှေမင်းဝံ" ဇာတ်ကားတွင် မင်းသားဦးဘကလေး(ခေါ်)ရွှေရိုးမှာ မြင်းမစီးရဲသည့်အတွက် ဦးဘကလေးကိုယ်စား မြင်းစီး၍အစွမ်းပြခန်းများ ရိုက်ကူးပေးခဲ့သည်။ ပီမိုးနင်း၏ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် "ချစ်တဲ့သူရယ်" ဇာတ်ကားတွင် "ဘမောင်"သည် ဇာတ်ရံအဖြစ်လည်းကောင်း၊ ဗြိတိသျှဘားမားဖလင်မှ ဒါရိုက်တာ ဆရာရွှေရိုက်ကူးသည့် "တစ်ကိုယ်တော်" ဇာတ်ကားတွင် ခေါင်းဆောင်မင်းသား "ကျော်စိုး"အဖြစ် လည်းကောင်း စတန့်ပြကွက်များဖြင့် အိတ်သွန်ဖာမှောက်အစွမ်းပြရိုက်ကူးခဲ့သည်။ သူ၏ ဂုဏ်ဟိတ်သည် အထွတ်အထိပ်သို့ရောက်နေဆဲ "ဆယ်နာရီ" ဇာတ်ကား ရိုက်ကူးနေစဉ် ဖလင်ပေ ၆၀၀၀ သို့ အရောက် ချစ်သူရည်းစားကိစ္စအချင်းများ၍ ဓားထိုးခံရပြီးသေဆုံးသွားခဲ့သည်။

"ကျော်စိုး" သည် "ရွှေမင်းဝံ" ဇာတ်ကားတွင် မြင်းကိုဒုန်းစိုင်းပြေးစေပြီး မတ်တတ်ရပ်စီး၊ နောက်ပြန်စီး၊ ကင်းမြီးကောက်ထောင်စီး၊ ပြန်တွယ်တက်၊ ပတ်ချာလည် ခဲရာခဲဆစ်ပြကွက်များကို ကျွမ်းကျင်သွက်လက်စွာ အစွမ်းပြခဲ့သည်။ "ချစ်တဲ့သူရယ်" ဇာတ်ကားတွင် ဆူးလေဘုရားလမ်းကို ကန့်လန့်ဖြတ် သွယ်တန်းထားသည့် ကြိုးတန်းပေါ် လမ်းလျှောက်ပြခဲ့သည်။ "တစ်ကိုယ်တော်" ဇာတ်ကားတွင် ဆိုင်ကယ်ကို အရှိန် ပြင်းစွာ မောင်းနေစဉ် မတ်တတ်စီး၊ မြေကြီးနှင့်ထိလုနီး ပါးတစ်စောင်းစီး၊ အပြင်းမောင်း၊ အပြိုင်မောင်းနေသည့် ကားတစ်စီးမှ တစ်စီးပေါ်သို့ ခုန်တက်သတ်ပုတ်ခန်းတို့သည် အံ့မခန်း၊ သူ့လိုအရည်အချင်းကောင်းရှိသူမျိုး၊ ထူးချွန်သူမျိုး၊ အရွယ်ကောင်းတုန်း ဆုံးရှုံးသွားသဖြင့် မြန်မာ့ရုပ်ရှင်လောက အတွက် နစ်နာဆုံးရှုံးမှုတစ်ရပ်ဟုဆိုချင်သည်။ "ကျော်စိုး" မရှိသည့် နောက်ဆက်လက်ထွက်ပေါ်ခဲ့သော စတန့် မင်းသားများမှာ ကျော်ဟိုး၊ ကျော်မိုး၊ တင်ဖေ၊ တင်ဆွေ၊ တင်ငွေ၊ ချစ်ရွှေ၊ ကျော်ညွန့်၊ ကျော်အေး၊ ကျော်ဖေ၊ ရွှေဘ၊ တင်ညွန့်၊ ဒိုင်ဗင်တင်လှ၊ ဖေသိန်း၊ ကျော်ညွန့်လေး၊ ရဲချစ်၊ ရဲမြင့်၊ လွန်းဖေ၊ စံတင်၊ ဧဝင်း၊ ဧအောင်နှင့် အခြား စာရေးသူလက်လှမ်းမမီသော စတန့်မင်းသားများလည်း ကျန်ရှိနိုင်ပါသည်။

ထိုခေတ်ထိုအခါက စတန့်မင်းသားများသည် စွန့်စားရဲသောသတ္တိရှိရုံသာမက မျိုးချစ်စိတ်အပြည့်ရှိကြသည်။ ယနေ့ခေတ်ကဲ့သို့ စျေးကွက်တွက်မနေအား၊ ငွေကြေးကိုအဓိကမထား၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနှင့် ကိုယ့်ရုပ်ရှင်ပီပြင်ရေးကိုသာ ဦးစားပေးခဲ့ကြသည်။ စွန့်စားခန်းများရိုက်ကူးစဉ် အခန့်မသင့်က ဘဝပျက်သွားနိုင်သည်။ ဒုက္ခိတဖြစ်သွားနိုင်သည်။ အာမခံကြေးမရှိ၊ ထိုက်တန်သောလျော်ကြေးလည်းရနိုင်မည်မဟုတ်၊ နောင်ရေးကို ကြိုတွေးမနေအား၊ ညာနေ၍မရ၊ ညှာနေ၍မရ၊ မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကား ပရိသတ်ရှေ့ချပြနိုင်ရေးသည်သာ အဓိက၊ ထိုသူတို့၏ဇွဲသတ္တိနှင့် စိတ်ဓာတ်တို့မှာ လေးစားစရာ၊ ထိုသူတို့အထဲမှ ထူးထူးခြားခြားစွန့်စားပြသွားသူ "ချစ်ရွှေ" (ခ) "ချစ်ဆွေ" (ခ) "ရဲခေါင်ချစ်ရွှေ"

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

အကြောင်းလေ့လာမိသမျှပြောပြချင်ပါသည်။

ပေါက်ခေါင်းသားဖြစ်သူ သရုပ်ဆောင်ဒါရိုက်တာ ဦးဧဆောင် (ဆွေဗမာ)၏ ပြောပြချက်အရ "ချစ်ရွှေ" သည် "ပြည်"ဘက်က၊ ပေါက်ခေါင်းမြို့မှ လေးမိုင်ခန့်အကွာတွင် "ကျောက်စာတိုင်" ဆိုသော ရွာတစ်ရွာရှိသည်။ အင်္ဂလိပ်လက်ထက်က တစ်ကျွန်းပြန်မိုက်ခဲများအား စာရိတ္တပြုပြင်သည့်စခန်းကို ထိုရွာမှာဖွင့်ထားသည်။ ယောက်ဖဖြစ်သူက ထိုစခန်းမှ ရဲအရာရှိ၊ "ချစ်ရွှေ" သည် အစ်မဖြစ်သူနှင့် လိုက်နေရင်း ချစ်သူရည်းစားကိစ္စအချင်းများကြရာမှ ရန်ကုန်မြို့သို့ တက်လာခဲ့ပြီး ရုပ်ရှင်နယ်ထဲ ရောက်ရှိသူဟုသိရသည်။

(ဆက်လက်ဖော်ပြပါမည်)

အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေး

သန်လျင် အောက်တိုဘာ ၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမဝါယမတက္ကသိုလ် (သန်လျင်) ဘွဲ့ကြိုကျောင်းသားကျောင်းသူများနှင့် လုပ်ငန်းရှင်ကြီးများ အလုပ်အကိုင်အခွင့်အလမ်းအတွက် တွေ့ဆုံဆွေးနွေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက သမဝါယမတက္ကသိုလ်(သန်လျင်) ဥတ္တရဆောင် စုပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ်ဒေါက်တာသိန်းထွန်းနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် မိတ်ဆက်ပေးသည်။ ဆက်လက်၍ ကုမ္ပဏီလုပ်ငန်းများဖြစ်ကြသည့် Myanmar Brewery ကုမ္ပဏီ၊ PAG ကုမ္ပဏီ၊ ဂုဏ်သီရိပုံနှိပ်တိုက်၊ UMG Myanmar ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား အလုပ်အကိုင်အခွင့်အလမ်းအတွက် လိုအပ်သည့် အရည်အချင်း၊ ခေတ်နှင့်အညီ လုပ်ငန်းခွင်လိုအပ်ချက်များ ပြည့်စုံမှုရှိရန် အလုပ်အကိုင်အခွင့်အလမ်းအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် လိုအပ်သည်များအား ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။အဆိုပါဆွေးနွေးပွဲသည် ပထမအကြိမ် ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပြီး သမဝါယမတက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် အကျိုးပြုစေမည့် ဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

တင်မောင်ငွေ(သန်လျင်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

နည်းပညာ | ALEZ

Dark Knight ဇာတ်ကားမှ Tumbler ကြီး လမ်းမထက်သို့အမှန်တကယ်ရောက်ရှိ

နာမည်ကျော်လင်းနို့လူသား ဇာတ်ကား Dark Knight မှ ဇာတ်ကောင် လင်းနို့လူသား၏ ဘက်စုံသုံးစီးတော်ယာဉ် Tumbler ဟုအမည်ရသော သံချပ်ကာယာဉ်သဖွယ်ကားတစ်မျိုးကို လက်တွေ့တည်ဆောက် မိတ်ဆက်ပြသလိုက်ပြီဖြစ်ကြောင်း မီဒီယာစာမျက်နှာများတွင် တွေ့ရှိရသည်။ အဆိုပါယာဉ်ကို Team Galag ဟု အမည်ရသော ကိုယ်ထည်ဒီဇိုင်းပိုင်း ခပ်ဆန်းဆန်းမော်တော်ယာဉ်ထုတ်လုပ်သည့် အဖွဲ့တစ်ဖွဲ့မှ ယာဉ်တည်ဆောက်ရေးပညာရှင် Parker ညီအစ်ကိုများထံတွင် လုပ်ငန်းအပ်နှံတည်ဆောက်စေခဲ့သည်ဟု သိရှိရသည်။ အဆိုပါ အဖွဲ့သည် မြေအောက် (Undergrounds) ကားပြပွဲ၊ ပြိုင်ပွဲများတွင် ကိုယ်ထည်ဒီဇိုင်း ခပ်ဆန်းဆန်းကားများဖြင့် နာမည်ကျော်ခဲ့သည်ဟု စာမျက်နှာများတွင် တွေ့ရှိရသည်။ Bat mobile ဟုတင်စား ခေါ်ဝေါ်ခြင်းခံရပြီး ကိုယ်ထည်ပိုင်းမှာ သံချပ်ကာယာဉ်များကဲ့သို့ မာကျောထူထဲသည့် သံမဏိသတ္တုစပ်တစ်မျိုး အသုံးပြုထားသည်ဟု သိရသည်။ ယာဉ်၏ဘီးများနှင့် အိတ်ဇောပေါက်ကြီးမားသည့် ထူးခြားမှုနှင့်ယာဉ်၏ရှေ့ဘက်တွင် ဘီးနှစ်ဘီး၊ အနောက်ဘက်တွင် ဘီးလေးဘီး တပ်ဆင်တည်ဆောက်ထားသည်ဟု သိရှိရသည်။

အဆိုပါယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်လမ်းမများထက်တွင် မိတ်ဆက်ပြသခဲ့ပြီး 6.2 Liter V8 အင်ဂျင်အမျိုးအစားတပ်ဆင်ထားကာ အင်ဂျင်စွမ်းအင်မှာ မြင်းကောင်ရေ ၄၀၀ ခန့်ရှိမည်ဟု သိရှိရသည်။ ယာဉ်၏ကိုယ်ထည်ပိုင်းထူးခြားမှုရှိပြီး ယာဉ်၏စုစုပေါင်းအလေးချိန်မှာ ပေါင် ၄၀၀ ခန့်ရှိသောကြောင့် တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့်သာ မောင်းနှင်နိုင်မည်ဖြစ်သည်ဟု သိရသည်။ ယာဉ်၏ အတွင်းပိုင်းတွင် ဒစ်ဂျစ်တယ်လမ်းကြောင်းပြစနစ် (GPS) တပ်ဆင်ပေးထားပြီးယာဉ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ မီလီယံတန်ဖိုးရှိမည်ဟု မီဒီယာစာမျက်နှာများတွင် တွေ့ရှိရသည်။ စိတ်ကူးယဉ်ရုပ်ရှင် ဇာတ်ကားများမှ ထူးခြားသည့်အသွင်အပြင်နှင့် Batmobile ကြီး Tumbler သည် အမှန်တကယ်ပင် လမ်းမထက်သို့ ရောက်ရှိလာပြီဖြစ်သည်ဟု ပရိသတ်များက စာမျက်နှာများထက်တွင် မှတ်ချက်ရေးသားပြောဆိုမှုများကို တွေ့ရှိရသည်။

ရီးယဲလ်အတွက် စီရိုနယ်လ်ဒို၏ ချန်ပီယံလိဂ်သွင်းဂိုး ၄၀ ပြည့်မြောက် ဥရောပပြိုင်ပွဲ ပွဲ(၁၀၀)မြောက်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူ

ငွေ ကြယ်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)၏ အုပ်စု(B) ပွဲစဉ်တစ်ခုဖြစ်သည့် စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်အသင်းတို့၏ ပွဲစဉ်တွင် အိမ်ကွင်းဆန်တီယေဂိုဘာနေဗျူး၌ ဧည့်ခံကစားခဲ့ရသော ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်း၏ အားထားရသော ကစားသမားနှစ်ဦးဖြစ်သည့် စီရိုနယ်လ်ဒိုနှင့် ဒီမာရီယာတို့၏ သွင်းဂိုးများဖြင့် ဧည့်သည် ကိုပင်ဟေဂင်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ အုပ်စုပွဲစဉ်(၂)အပြီးတွင် နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စု(B)ကို ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ယင်းပွဲစဉ်မှာ ပေါ်တူဂီတောင်ပံကစားသမား စီရိုနယ်လ်ဒို၏ ဥရောပပြိုင်ပွဲ ပွဲ(၁၀၀)ပြည့်မြောက်သည့် ပွဲစဉ်လည်းဖြစ်သည်။ လက်ရှိတွင် တောင်ပံကစားသမား စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ပွဲထွက်ကစားခဲ့သည့် ၄၂ ပွဲမြောက်ပွဲစဉ်အဖြစ် ပါဝင်ကစားပေးခဲ့ခြင်းဖြစ်ပြီး ယခုပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်သွင်းဂိုး ၄၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။ ယခုပွဲစဉ်အပါအဝင် စီရိုနယ်လ်ဒိုအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပြိုင်ပွဲအားလုံးပေါင်း ၂၀၈ ပွဲကစားပေးထားပြီးနောက် သွင်းဂိုး ၂၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်လာခဲ့သည်။

တောင်ပံကစားသမားစီရိုနယ်လ်ဒိုသည် ဂါလာတာစာရေးအသင်း၏ အိမ်ကွင်းသို့သွားရောက် ကစားခဲ့ရသော ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဂါလာတာစာရေးအသင်းအား ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာတွင် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ယခုနှစ်ချန်ပီယံလိဂ်ရာသီ၏ ပထမဆုံးကစားသမားတစ်ဦးဖြစ်လာပြီး ယင်းပွဲစဉ်အပြီးတွင် ချန်ပီယံလိဂ်သွင်းဂိုး ၅၃ ဂိုးဖြင့် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက်တွင် နစ္စတယ်ရွိုင်း၊ မက်ဆီ၊ ရောလ် စသည့်ကစားသမားများနောက်တွင် စတုတ္ထမြောက် ဂိုးသွင်းအများဆုံးကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။ လက်ရှိ ကိုပင်ဟေဂင်အား ရီးယဲလ်မက်ဒရစ်အသင်းက အိမ်ရှင်အဖြစ်လက်ခံကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)တွင် နှစ်ဂိုးထပ်မံသွင်းယူပေးနိုင်ခဲ့သဖြင့် တောင်ပံကစားသမားစီရိုနယ်လ်ဒို၏ ချန်ပီယံလိဂ်သွင်းဂိုးသည် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းယူပေးခဲ့သည့် ချန်ပီယံလိဂ်သွင်းဂိုး ၄၀ အပါအဝင် ချန်ပီယံလိဂ်သွင်းဂိုး စုစုပေါင်း ၅၅ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။

မန်စီးတီးနှင့် အန်ဒါလက်ချ်တို့မှလွဲ၍ အိမ်ရှင်အသင်းအားလုံး တစ်မှတ်အနည်းဆုံးရယူနိုင်ခဲ့

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)၏ အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ကွင်းကစားရသည့် အသင်းများအနက် မန်စီးတီးနှင့် အန်ဒါလက်ချ်တို့မှလွဲ၍ ကျန်အိမ်ရှင်အသင်းများအားလုံး တစ်မှတ်အနည်းဆုံး ရယူနိုင်ခဲ့သည်။

အုပ်စု(A)မှ မန်ယူနှင့် ရှက်ခ်တာဒိုးနက်စ်ခ်တို့၏ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ကာ တစ်မှတ်ခွဲယူခဲ့ကြပြီး လေဗာကူဆင်နှင့် ရီးယဲလ်ဆိုစီဒက်တို့၏ပွဲစဉ်တွင် လေဗာကူဆင်က ရီးယဲလ်ဆိုစီဒက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အိမ်ရှင်လေဗာကူဆင်အသင်း သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။

အုပ်စု(B)မှ အပြန်အလှန်ထိုးဖောက်မှုများနှင့်အတူ ပြိုင်ဆိုင်မှုပြင်းထန်လှသော ဂျူဗင်တပ်နှင့် ဂါလာတာစာရေးတို့၏ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

အုပ်စု(C)မှ ပီအက်စ်ဂျီနှင့် ဘင်ဖီကာတို့၏ ပွဲစဉ်တွင် အိမ်ရှင်ပီအက်စ်ဂျီက သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အန်ဒါလက်ချ်နှင့် အိုလံပီယာကို့စ်တို့၏ ပွဲစဉ်တွင် အိုလံပီယာကို့စ်က သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် အိမ်ရှင်အန်ဒါလက်ချ် အမှတ်ဗလာဖြင့်သာ ကျေနပ်ခဲ့ရသည်။

အုပ်စု(D) CSKA မော်စကိုနှင့်ပယ်လ်ဇန်တို့၏ပွဲစဉ်တွင် အိမ်ရှင်အသင်းက ပယ်လ်ဇန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တို့၏ပွဲစဉ်တွင် လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်က မန်စီးတီးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဘိုင်ယန်မြူးနစ်အသင်းက အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

စက်မှုဝန်ကြီးဌာန၊ ဝင်းသူဇာအရောင်းဆိုင်များအား ပုဂ္ဂလိက အရောင်းဆိုင်အဖြစ် ငှားရမ်းရေး တင်ဒါဖွင့်ဖောက်မည့်ရက် ရွှေ့ဆိုင်းခြင်း

စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင် (၃၈)ဆိုင်ကို ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေးအား ၁၇-၉-၂၀၁၃ ရက် ၁၀း၀၀ နာရီတွင် တင်ဒါဖွင့်ဖောက်ပွဲဆောင်ရွက်ခဲ့ပြီး ဝင်းသူဇာအရောင်းဆိုင် (၃၀)ဆိုင်အတွက် တင်ဒါအောင်မြင်သူ (၃၀)ဦး၏ အမည်စာရင်းကို နိုင်ငံပိုင် သတင်းစာများတွင် ကြော်ငြာခဲ့ပြီး ဖြစ်ပါသည်။

တင်ဒါအဆိုပြုလွှာ တင်သွင်းခြင်းမရှိသည့် ဝင်းသူဇာအရောင်းဆိုင်(ဆားလင်းကြီး၊ ပွင့်ဖြူ၊ ကညွတ်ကွင်း၊ ဆော)တို့နှင့် ကြမ်းခင်းဈေးမမီသည့် ဝင်းသူဇာအရောင်းဆိုင်(မြိုင်၊ ရေစကြို၊ ယင်းမာပင်၊ ဝင်းသူဇာကုန်တိုက် သီရိရတနာအဆင့်မြင့်ဈေး)တို့အတွက် တင်ဒါဈေးနှုန်း အဆိုပြုလွှာ များနောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်တို့ကို မူလကြော်ငြာထားသည့် ၄-၁၀-၂၀၁၃ ရက်(သောကြာနေ့)၊ နံနက် ၉း၀၀ နာရီအစား အောက်ပါဖော်ပြပါအတိုင်း ပြင်ဆင်ကြေညာအပ်ပါသည်။

(က) အဆိုပြုလွှာနောက်ဆုံးပေးသွင်းရမည့် နေ့ရက်၊ အချိန် - ၁၁-၁၀-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၉း၀၀ နာရီ
(ခ) တင်ဒါဖွင့်ဖောက်မည့်အချိန် - ၁၁-၁၀-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၉း၁၅ နာရီ

စက်မှုညွှန်ကြားရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၂၄၉/ခ၊ မြေကွက်တည်နေရာအမှတ်(၂၄၉/ခ)၊ (၆)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာ (ဦးပန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးပန်းနှင့်(ဇနီး)ဒေါ်မြစိန် ကွယ်လွန်သဖြင့် ဒေါ်တင်တင်ဝင်း[၁၂/ဥကတ(နိုင်)၀၇၅၉၂၁] ဒေါ်ခင်စန်းညွန့်[၁၂/ဥကတ(နိုင်)၀၉၄၃၅၀]၊ ဒေါ်တင်ရွှေမြိုင်[၁၂/ဥကတ(နိုင်)၀၉၀၆၉၄]၊ ဒေါ်ခင်စောနွယ်[၁၂/ဗဟန(နိုင်)၀၃၀၇၅၆]၊ ဦးလှဌေး[၁၂/ဥကတ(နိုင်)၀၇၅၆၁၃]၊ ဦးမင်းဌေး[၁၂/မရက(နိုင်)၀၃၅၃၀၁]၊ ဒေါ်စန်းစန်းမော်[၁၂/ဥကတ(နိုင်)၁၃၃၅၅၀]တို့က သား၊သမီးများတော်စပ်ကြောင်း ကျမ်းကျိမ်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန်၊ စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မောင်းနှင်နေသည့် ရထားပေါ်သို့ ပြေးတက်စဉ် ပြုတ်ကျ၍ ရထားကြိတ်မိသေဆုံး

ရန်ကုန် အောက်တိုဘာ ၃

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း၌ အမျိုးသားတစ်ဦးမှာ မောင်းနှင်နေသည့် ရထားပေါ်သို့ ပြေးတက်စဉ် ပြုတ်ကျပြီး ရထားကြိတ်မိကာ သေဆုံးသွားခဲ့ရသော ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မလွှကုန်းဘူတာတွင် လူတစ်ဦး ရထားကြိတ်ခံရပြီးသေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးလှဌေး (၄၇)နှစ် သန်လျင်မြို့နယ်နေသူဖြစ်ကြောင်း သိရပြီး လည်ပင်းပြတ်ကာသေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စုံစမ်းရာ ၎င်းသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က မလွှကုန်းဘူတာသို့ စပွါယ်အမှတ် (၆) မြို့ပတ်ရထား စက်ခေါင်းအမှတ် -၁၂၃၀ မှာ မောင်းနှင်ဝင်ရောက်လာစဉ် ရထားပေါ်သို့ ပြေးတက်ရာမှ ပြုတ်ကျကာ ရထားကြိတ်မိသေဆုံးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ်(၃၀/၂၀၁၃)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဝ၄၀)**

ရေနစ်သူအားဆင်းဆယ်ရာမှ ဆယ်ယူသူရေနစ်သေဆုံး

နေပြည်တော် အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ တမာပင်ရပ်ကွက် ဗိုလ်တေဇအားကစားကွင်း အရှေ့တောင်ဘက် ခုနစ်ဖာလုံခန့်အကွာ ရိုးချောင်းအတွင်း အကျယ် ၁၅ ပေ၊ အနက် ၁၈ ပေခန့်ရှိရေအိုင်ထဲတွင် စက်တင်ဘာ ၃၀ ရက်က နတ်မောက်မြို့ တမာပင်ရပ်ကွက်နေ အောင်ဇော်ထွန်း (ခ) ဘိုထွန်း (ခ) လက်ပွား (၃၀)နှစ် ရေနစ်သေဆုံးနေကြောင်း ဖခင်ဖြစ်သူ ဦးဝင်းကြည်က ရဲစခန်းသို့လာရောက်သတင်းပို့သဖြင့် နတ်မောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက် စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ သေဆုံးသူအောင်ဇော်ထွန်း (ခ) ဘိုထွန်း (ခ) လက်ပွားသည် ၎င်းတို့ပိုင်နေကြာခင်းတွင် မိခင်ဖြစ်သူ ဒေါ်သန်းအေး၊ တစ်ရပ်ကွက်တည်းနေ မဝင်းဝင်းနွယ်၊ မတယ်စွေမ (ခ) မသင်းသင်းအေးတို့နှင့်အတူ နေကြာပွင့်များရိုတ်နေစဉ် မတယ်စွေမ (ခ) မသင်းသင်းအေးမှာ နေကြာခင်းတောင်ဘက်ရှိ ရိုးချောင်းအနီးရပ်ထားသောလှည်းပေါ်မှ ရေဘူးယူရန်သွားစဉ် ရေအိုင်ထဲသို့ခြေချော်ပြုတ်ကျရေနစ်ခဲ့သဖြင့် အောင်ဇော်ထွန်း (ခ)ဘိုထွန်း (ခ) လက်ပွားမှ ဆင်းဆယ်ခဲ့သည်။ ထိုသို့ဆယ်ခဲ့သဖြင့် မတယ်စွေမ (ခ) မသင်းသင်းအေးမှာ ကမ်းစပ်သို့ရောက်ရှိပြီး ဒေါ်သန်းအေးက ဆယ်ယူနိုင်ခဲ့ကာ ရေအိုင်တွင်းဆင်းဆယ်သူ အောင်ဇော်ထွန်း (ခ) ဘိုထွန်း (ခ) လက်ပွားမှာ ရေနစ်သေဆုံးခဲ့ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် နတ်မောက်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၈/၂၀၁၃)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

(ရဲပြန်ကြား)

မရမ်းကုန်း၌ယာဉ်လေးစီး ဆင့်ကဲတိုက်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၃

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းပေါ်၌ ယာဉ်လေးစီးဆင့်ကဲတိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အရှေ့မှ အနောက်ဘက်သို့ ယာဉ်မောင်း ဦးအောင်နိုင်ထွန်း (၃၇)နှစ် ပျဉ်းမပင်ရပ် မင်္ဂလာဒုံမြို့နယ်နေသူ မောင်းနှင်လာသည့် မြောက်ပိုင်းခရိုင် (၁၂၁) ယာဉ်လိုင်းမှ ယာဉ်အမှတ်သ/. . . . . ဒိုင်နာ (အစိမ်းရောင်) ယာဉ်သည် သမိုင်းကဖီးရှေ့အရောက်၌ ရုတ်တရက်ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ရှေ့မှမောင်းနှင်နေသော ဟိုင်းလပ် ဆပ်(ဖ်)ယာဉ်အား နောက်မှဝင်ရောက်တိုက်မိသဖြင့် ယာဉ်လေးစီး ဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့သည်။ ထိုဆင့်ကဲယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ခရီးသည်တင် (၁၂၁) ယာဉ်မှာ ဦးခေါင်းပိုင်း ပျက်စီးခဲ့ပြီး ကျန်ယာဉ်သုံးစီးမှာ အနည်းငယ် ပိန်ချိုင့်မှုဖြစ်ကာ လူထိခိုက်မှုမရှိကြောင်းသိရသည်။

(ဇော်ကြီး -ပဏီတ)

စမုံချောင်းဖြတ်ကူးစဉ် လူတစ်ဦး ချောင်းရေအတွင်းမျောပါ

ဝမ်းတွင်း အောက်တိုဘာ ၃

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ ယာတောသို့ သွားရောက်ရန် စမုံချောင်းအတွင်းဖြတ်ကူးစဉ် လူတစ်ဦးချောင်းအတွင်း မျောပါပျောက်ဆုံးမှုတစ်ခု စက်တင်ဘာ ၂၉ရက်နံနက်၁၀နာရီခွဲကဖြစ်ပွားကြောင်းသိရသည်။ ဖြစ်ပွားပုံမှာ ဆူးပန်းကျေးရွာအုပ်စု ဆူးပန်းကျေးရွာနေ ဦးဝင်းဇော်ဦး (၂၃)နှစ်နှင့် ဦးမြင့်ဝင်း (၄၇)နှစ် တို့နှစ်ဦးသည် ကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသည့်စမုံချောင်းအား ဖြတ်ကူးခဲ့ရာ စက်တင်ဘာ ၂၈ရက် နှင့် ၂၉ ရက် နံနက်အစောပိုင်းက ရွာသွန်းခဲ့သောမိုးရေကြောင့် ရေစီးသန်နေသည့် စမုံချောင်းတစ်ဖက်ကမ်းရောက်ရန် ၁၅ပေခန့်အကွာတွင် ဦးဝင်းဇော်ဦးသည် ချောင်းရေထဲမျောပါသွားခဲ့သည်။ ချောင်းရေထဲမျောပါသွားသည့် ဦးဝင်းဇော်ဦးအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်စိုးနှင့် အဖွဲ့များက စမုံချောင်းအတွင်း လိုက်လံရှာဖွေလျက်ရှိကြောင်းသိရသည်။ **(၅၇၉)**

အရက်ကြောင်ကြောင်ပြီး မိသားစုအား သတ်ဖြတ်

ကသာ အောက်တိုဘာ ၃

ကသာမြို့နယ် ကလုံအုပ်စု အင်းရွာလေးကျေးရွာတွင် စက်တင်ဘာ ၂၄ ရက်က မြင့်သန်းမှာ အရက်ကြောင်ကြောင်ပြီး ဇနီးဖြစ်သူ မအေးကြည်နှင့် စကားများကာ ဇနီးဖြစ်သူကို ဓားဖြင့်ထိုးရာ ဝဲဘက်နံရိုးအောက်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်လေးချောင်းပြတ်ရှဒဏ်ရာရရှိကြောင်းနှင့် မြင့်သန်း၏ ဖခင်ဦးသောင်းစိန်က သားဖြစ်သူ အခင်းဖြစ်သည့်ရက် တစ်ညလုံး ၎င်း၏သမီးနှစ်ဦးအား ရှေ့နောက်ပူးချည်ကာ ဓားချွန်တစ်ချောင်းနှင့် မှိန်းတစ်ချောင်းကိုင်၍ လာရောက်ဖမ်းမည့်သူများအား သတ်မည်ဟု ကြိမ်းဝါးနေ၍ မည်သူမျှမကပ်ရဲကြောင်း၊ နံနက် ၂ နာရီခန့်တွင် မြင့်သန်းက သမီးဖြစ်သူ မလှိုင်လှိုင်ထွန်း(၂)နှစ်အား ဓားဖြင့်ထိုးသဖြင့် ဝမ်းဗိုက်တွင် ဒဏ်ရာတစ်ချက်၊ ရင်ညွန့်တွင် နှစ်လက်မခန့်ဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်ကောက်ဝတ်တွင် ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေပြီး သမီး မနှင်းပွင့်ဖြူ(၅)နှစ်မှာလည်း ဓားဖြင့်ထိုးခံရသဖြင့် ဝဲဘက်ဝမ်းဗိုက်တွင် ဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်ညှိုးတွင် ပြတ်ရှဒဏ်ရာများရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ မြင့်သန်းအား အရေးယူပေးပါရန် တိုင်ကြားခဲ့သည်။

အခင်းဖြစ်ပွားရာ အင်းရွာလေးကျေးရွာသို့ ရဲတပ်ဖွဲ့ဝင်များသွားရောက်၍ အရိုးအသွား ၁၈ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ အရှည်လေးတောင်တစ်မိုက်ခန့်ရှိဓားရိုးတပ်မှိန်းတစ်ချောင်းတို့ကို သိမ်းဆည်းပြီး မြင့်သန်း(၃၄)နှစ်အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆိုင်ကယ်ကယ်ရီသမားချင်း ခရီးသည်လုခေါ်ကြရာမှ စကားများပြီး ဓားဖြင့်ထိုး၍ သေဆုံး

တောင်ငူ အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မရဲစခန်းနယ်မြေ (၁၉)ရပ်ကွက်ရှိ တောင်ငူ-သံတောင် ကားလမ်း စစ်တောင်းတံတားထိပ် အနီးရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ဆိုင်ကယ်ကယ်ရီသမားချင်း ခရီးသည်လုခေါ်ကြရာမှ စကားများကာ ဓားမြှောင်ဖြင့်ထိုး၍ လူတစ်ဦးသေဆုံးသွားသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် စစ်တောင်းတံတားထိပ် ဆိုင်ကယ်ကယ်ရီဂိတ်၌ ဆိုင်ကယ်ကယ်ရီ မောင်းကြသည့် တောင်ငူမြို့ (၈) ရပ်ကွက် ကမ်းနားလမ်းနေ အောင်ကို အသက် (၂၅) နှစ်နှင့် တောင်ငူမြို့ မင်းကြီးညိုရပ်ကွက် မြို့ဦး(၂) လမ်းနေ အောင်မော်ခိုင်(ခ) ပဲပဲ အသက် (၃၈) နှစ်တို့နှစ်ဦးသည် ခရီးသည် လုခေါ်ကြရာမှ စကားများကြပြီး အောင်မော်ခိုင်(ခ)ပဲပဲက ၎င်းတွင်အသင့်ပါလာသည့် ဓားမြှောင်ဖြင့်ထိုးရာ အောင်ကို၏ ဝဲဘက်လက်ပြင်တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်ရရှိခဲ့ပြီး ဆေးရုံသို့ တင်ပို့စဉ် အောင်ကိုမှာ သေဆုံးသွားခဲ့သည်။ အောင်မော်ခိုင် (ခ) ပဲပဲမှာ ဆိုင်ကယ်အားမောင်းနှင်ထွက်ပြေးသွားခဲ့ပြီး တောင်ငူမြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကျော်လှ-တောင်ငူ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်မျိုးဇော်၏ ပတ်စ်ပို့ No.MA-069654 သည် ပျောက်ဆုံး သွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ ဖုန်း-၀၉-၅၁၅၅၀၈၄၊ ၀၉-၇၃၀၃၄၆၀၂

မုံရွာမြို့၌ (၄၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကျင်းပ

မုံရွာ အောက်တိုဘာ ၃

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော (၄၉) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အဖွင့်အမှာစကား ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ ၂၀၁၁ ခုနှစ်တွင် ၄၂၃ မှု၊ ၂၀၁၂ ခုနှစ်တွင် ၅၇၈ မှု၊ ယခုနှစ်အစမှ ယနေ့အထိ အမှုပေါင်း ၇၀၀၊ ယစ်မျိုးမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၄၆၉၈မှု၊ ၂၀၁၂ ခုနှစ်တွင်၆၅၃၅ မှု၊ယခုနှစ် အစမှ ယနေ့အထိ ၄၇၇၅ မှုဖြစ်ပြီး ပြည့်တန်ဆာဖမ်းဆီးရမိမှုမှာ ၂၀၁၁ ခုနှစ်တွင် ၃၈၉ မှု၊ ၂၀၁၂ ခုနှစ်တွင် ၆၁၄ မှု၊ ယခုနှစ် အစမှ ယနေ့အထိ ၂၇၉ မှု၊ ယာဉ်တိုက်မှုမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိရာ ၂၀၁၂ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၁၁၃၂မှုဖြစ်ပွားခဲ့ရာဒဏ်ရာရသူ ၁၈၃၄ ဦး၊ သေဆုံးသူ ၃၄၄ ဦး၊ ဆုံးရှုံးမှုတန်ဖိုးမှာ ၁၂၈ သိန်းကျော်ရှိပြီး ယခုနှစ်အစမှ ယနေ့အထိ ယာဉ်တိုက်မှု ၁၁၄၇ မှု၊ ဒဏ်ရာရသူ ၁၇၂၃ ဦး၊ သေဆုံးသူ ၂၂၀ ၊ ဆုံးရှုံးမှုတန်ဖိုးကျပ် သိန်း ၂၃၀ ရှိကြောင်း သိရသည်။ ထို့ပြင် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာ ၁ ရက်အထိ စည်းကမ်းပျက်ယာဉ်အရေးယူမှုမှာ မော်တော်ယာဉ် ၁၅၉၉၅ စီး၊ ဆိုင်ကယ် ၆၁၆၄၃ စီး၊ ထော်လာဂျီ ၃၇၅၂ စီး၊ သုံးဘီးယာဉ် ၂၈၇၅ စီး စုစုပေါင်း ၈၆၂၆၅ စီး၊ ဒဏ်ငွေကျပ် ၁၁၇၅၆၉၆၂၃ ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၁ ခုနှစ်အတွင်း အမှုကြီး ၁၅၄ မှု၊ ၂၀၁၂ ခုနှစ်တွင် အမှုကြီး ၂၀၇ မှု၊ ယခုနှစ်အစမှ စက်တင်ဘာလကုန်အထိအမှုကြီး ၁၆၅မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(မျိုးဝင်းထွန်း-မုံရွာ)

မိတ္ထီလာကင်မွန်းခြံကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာသင်ဆောင်အကာအရံမဲ့စွာ ပညာသင်ကြားနေရ

မိတ္ထီလာ အောက်တိုဘာ ၃

မိတ္ထီလာမြို့ တပျော်ကျေးရွာအုပ်စု ကင်မွန်းခြံကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် စာသင်ဆောင်သုံးဆောင်ရှိသော်လည်း တစ်ဆောင်သည် ပျက်စီးယိုယွင်းနေပြီး အကာအရံမဲ့ စာသင်ဆောင်၌ ဒေသခံ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေရကြောင်း သိရသည်။

ကင်မွန်းခြံကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆရာဆရာမ ငါးဦးတို့က သူငယ်တန်း ၂၈ ဦး၊ ပထမတန်း ၁၆ ဦး၊ ဒုတိယတန်း ၁၁ ဦး၊ တတိယတန်း ၁၃ ဦး၊ စတုတ္ထတန်း ၁၈ ဦး၊ ပဉ္စမတန်း ၅၆ ဦး၊ ဆဋ္ဌမတန်း ၃၈ ဦး၊ သတ္တမတန်း ၃၅ ဦး၊ အဋ္ဌမတန်း ၃၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅၂ ဦးအား ပညာသင်ကြားပေးလျက်ရှိကြောင်း၊ အဋ္ဌမတန်းအောင်မြင်ပြီးသည့် ကျောင်းသားကျောင်းသူများ အနေဖြင့် ကျေးရွာမှ ခုနစ်မိုင်ခန့်ဝေးသည့် ရေဝေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရကြောင်း၊ ကျောင်းတွင် စာသင်ဆောင်သုံးဆောင်ရှိသည့်အနက် တစ်ဆောင်မှာ ပျက်စီးယိုယွင်းနေသဖြင့် အကာအရံမဲ့စွာဖြင့် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေရကြောင်း၊ စာသင်ဆောင်ပြုပြင်ရေးအတွက် အကူအညီလိုအပ်လျက်ရှိပြီး တတ်စွမ်းသရွေ့ ပြုပြင်သွားရန်လည်း ကြိုးစားနေကြောင်းဖြင့် အဆိုပါကျောင်းတည်ရှိရာ ကင်မွန်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိဇယက မိန့်ကြားသည်။

ချောင်းကူးမြောင်းကူးနှင့် ခရီးဝေးလံသည့် အခြားကျေးရွာရှိ စာသင်ကျောင်းများသို့ သွားရောက်ပညာသင်ယူရမည့် ဒေသခံကလေးငယ်များအား မိမိတို့ကျေးရွာတွင် ပညာသင်ယူနိုင်ရေးအတွက် ကင်မွန်းခြံကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

(ချမ်းသာ-မိတ္ထီလာ)

မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ်၌ သိုးမဆန်းတစ်ကောင်အား ကယ်ဆယ်စောင့်ရှောက်ထား

မကွေး အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်းရှိ ပန်းတိုင်းခြုံကျေးရွာ၌မေတ္တာကရုဏာရှင် ဇနီးမောင်နှံတို့ကတည်ထောင်ဖွင့်လှစ်ထားသော မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ် တိရစ္ဆာန်ကယ်ဆယ်စောင့်ရှောက်ရေးစခန်း၌ သိုး၊ ဆိတ်အင်္ဂါနှစ်မျိုးစလုံးပါသော သိုးမဆန်းတစ်ကောင်အား မွေးမြူစောင့်ရှောက်ထားကြောင်း သိရသည်။ ၎င်းသိုးမဆန်းတွင် ဖို၊မအင်္ဂါနှစ်မျိုးစလုံး ပါဝင်ကြောင်း သိရသည်။**(ယာပုံ)** မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ် တိရစ္ဆာန်ကယ်ဆယ်စောင့်ရှောက်ရေးစခန်းသည် ခြေလက်အင်္ဂါမစုံသော တိရစ္ဆာန်များ၊ အိုမင်းမစွမ်းဖြစ်နေသော တိရစ္ဆာန်များနှင့် ကျွေးမွေးစရိတ် မတတ်နိုင်သော တိရစ္ဆာန်များကိုမေတ္တာဖြင့် အခကြေးငွေမယူ လက်ခံကယ်ဆယ်စောင့်ရှောက်ထားကြောင်း သိရသည်။ မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ်၌ နွား၊ မြင်း၊ကျွဲ၊ဆိတ်၊ ဘဲ၊ ယုန်၊ ခွေး၊ ငန်း၊ မျောက်၊ကြက်၊ဝက်စသည့် တိရစ္ဆာန်မျိုးစုံကောင်ရေ ၅၀၀ ကျော် စောင့်ရှောက်ကယ်ဆယ်ထားသည်။တိရစ္ဆာန်များကို သနားကရုဏာဖြစ်၍အစာအာဟာရဒါနပြုလိုပါက ဖုန်း-၀၉-၄၇၂၁၄၀၇၉သို့ ဆက်သွယ်ကုသိုလ်ပြုနိုင်ကြောင်း သိရသည်။ မေတ္တာစိမ့်စမ်းဘေးမဲ့ ဥယျာဉ်သည် ပခုက္ကူ-ရေစကြို ကားလမ်းဘေး ပခုက္ကူနှင့်ငါးမိုင်အကွာ ပန်းတိုင်းခြုံကျေးရွာ၌ တည်ရှိသည်။

(နေဦးမောင်-ပခုက္ကူ)

ခွေးရူးပြန်ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

ကျောက်ပန်းတောင်း အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခွေးရူးပြန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာအုပ်စု နှစ်ကျပ်ခွဲရွာတွင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်း၊ ဒုတိယဦးစီးမှူးများဖြစ်ကြသော ဒေါက်တာသိန်းဇော်၊ ဒေါက်တာတင်မျိုးထွန်းနှင့် ဒေါက်တာသန္တာအေးတို့က နှစ်ကျပ်ခွဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးနောက်တိုး၏အိမ်၌လည်းကောင်း၊ကျေးရွာဘုန်းတော်ကြီးကျောင်း (တောင်)၌လည်းကောင်း အိမ်မွေးခွေးအကောင် ၄၀ အား ခွေးရူးပြန်ရောဂါကာကွယ်ဆေးများအခမဲ့ထိုးနှံပေးခဲ့ကြောင်းသိရသည်။

(ကိုနေ)

အစိုးရ/စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Automatic Strapping Machine — 3 Nos
(S-2001 22-1/2",Wx35",Lx29"H)
½" 115V,3"x 1-¼" 300 Lbs

(ခ) Cross Cut Paper and CD Shredder With Baset — 1 No
(Heavy Duty)

(ဂ) Transmission — (2)Items
(၁) STM-4 OSN-3500II — 3 Units
(၂) STM-4 OSN-7500 — 1 Unit

(ဃ) လုပ်ငန်းသုံးပုံစံ — (6)Items
ACG-22(a),ACG 20(a),MG-5, PWA(1),
ENG-11, C.S.R 922

(င) Battery — (2)Items
(၁) 12V Battery (35 AH) — 20 Nos
(၂) 12V Battery (70 AH) — 100 Nos

(စ) မီးသတ်ဆေးဘူး — (2)Items
(၁) မီးသတ်ဆေးဘူး
(Fire Safe)(Gas Powder Type)(2Kg) — 186 Nos
(၂) မီးသတ်ဆေးဘူး
(Gas Powder Type)(Trolly Type)(20Kg) — 8 Nos

(ဆ) ဝတ်စုံ — (3)Items
(၁) ခါးပတ် (42"x 1.25") — 300 Nos
(ကြေးခါးပတ်ခေါင်းနှင့်ဆသရတံဆိပ်ဝိုင်းအပါအဝင်)
(၂) ဆသရဦးထုပ်(မီးခိုးရောင်တွီပိတ်) — 200 Nos
(၃) တက်ထရွန်ပိတ်စအဖြူ — 150Yards
(အနံ-၄၅")

(ဇ) စာရေးကိရိယာ — 4 Items
(၁) Foreign Paper A-4 (70gsm) — 700 Reams
(၅၀၀ရွက်ပါ)
(၂) Foreign Paper F'Scap(70gsm) — 100 Reams
(၅၀၀ရွက်ပါ)
(၃) D/S Carbon A-4 — 200 Sheets
(၄) Packing Paper (3'4"x2'6")(60gsm) — 3000 Sheets
(စစ်တောင်းကာကီ)

(ဈ) (၁) Test Equipments (Power Meter) — 2 Sets
(၂) Spare Parts
- STM-64 Optical Card — 4 Nos
- Matrix Card — 3 Nos
- Interface Unit — 5 Nos
- Optical Amplifier(0 dbm in, 20 dbm out) — 4 Nos
- Optical Amplifier (-4 dbm in, 20 dbm out) — 4 Nos
- Optical Boster(23 dbm in, 20 dbm out) — 4 Nos
- Optical Boster(23 dbm in, 23 dbm out) — 4 Nos
- STM-4:622 Mb/sec Transmission Equipment — 8 Nos

(ည) Copier(Canon) (Model-MF-8380 Cdw) — 1 No

(ဋ) 700x16 Tyre+Tube — 100 Sets

(ဌ) Camera — (2)Items
(၁) Sony Digital HD Video Camera(Japan) — (2)Nos
- Sony G Lens 20x Optical, f=1.6 to 54 mm
- Filter Diameter:37mm,Auto/Manual(Ring/Panel)
(၂) Canon Digital Camera(Model: IXUS-140) — 5 Nos

(ဍ) i Pad (4G Wi-Fi+Cellular)(AT&T)(Verizon or Sprint) — 2 Nos
(Fase Time HDCamera)(1080p HD Video Recording)(i Sight Camera)

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၈-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်) အရာရှိအိမ်ရာ၊ ရန်ကုန်အင်းစိန်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (၈. ၇၇၂) ဧကခန့်တွင် ရန်ကုန်အင်းစိန်လမ်းမဘက်ခြမ်းရှိ မြေဧရိယာတစ်ဝက်အား လုပ်ငန်းဆောင်ရွက်ခွင့်ပေးပြီး အဖိုးအခအဖြစ် ကျန်ဧရိယာတစ်ဝက်တွင် အဆင့်မြင့် ဝန်ထမ်းအိမ်ရာများကို ရေမီးအပြည့်အစုံဖြင့် အောက်ပါအတိုင်း ဆောက်လုပ်လိုပါသည်-

(က) အရာရှိကြီး အိမ်ရာ (၄ခန်းတွဲ ၁၂ ထပ်) (၁)လုံး
(ခ) အရာရှိငယ်အိမ်ရာ (၈ခန်းတွဲ ၁၂ထပ်) (၁)လုံး
(ဂ) အမှုထမ်းအိမ်ရာ (၈ခန်းတွဲ ၁၂ ထပ်)(၃)လုံး
(ဃ) 10 MVA Substation
(င) အခြားဆက်စပ်လုပ်ငန်းများ

၂။ တင်ဒါတင်သွင်းနိုင်ရေးအတွက် တင်ဒါခေါ်ယူလွှာ၊ အသေးစိတ်အချက်အလက်များဖော်ပြထားသည့် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများပါဝင်သည့် တင်ဒါစာရွက်စာတမ်း အပြည့်အစုံကို ငွေကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်သန်းတိတိ)ဖြင့် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ငွေသွင်းချလန်ရယူပြီး ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါဝယ်ယူငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၃။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၀-၁၂-၂၀၁၃ ရက်(သောကြာနေ့) (၁၆း၀၀) နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၄။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များကို အသေးစိတ်သိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်းလာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၄၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆
(Fax) ၀၆၇-၄၀၈၁၉၅

အခြေခံပြည်သူများ အားထားသွားလာနေရသည့် ရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင် ရေယာဉ်များ အရှုံးပေါ်

ဖျာပုံ အောက်တိုဘာ ၃

နိုင်ငံတော်မှ လမ်းတံတားများ တည်ဆောက်ပြုပြင်ပေးမှုကြောင့် ခရီးသွားပြည်သူများနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုများ အချိန်တိုအတွင်း လိုရာခရီးသို့ရောက်ရှိပြီး ကုန်ပစ္စည်းများ ဒေသတစ်ခုနှင့်တစ်ခု ဈေးနှုန်းကွာဟမှုများ နည်းပါးသွားကြောင်း သိရသည်။

တစ်ဖက်သောင်ထွန်း တစ်ဖက်ကမ်းပြိုဆိုသကဲ့သို့ ကား၊ရထားလမ်းကြောင်းများ တိုးတက်အဆင်ပြေသော်လည်း ရန်ကုန်အခြေပြုထွက်နေသည့်(မြစ်/ဝ) ရေကြောင်းပို့ဆောင်ရေးရေယာဉ်များ အရှုံးပေါ်နေကြောင်း သိရသည်။

ရန်ကုန်-မော်ကျွန်းသို့ မကြာခဏသွားလာနေသည့် ခရီးသွားတစ်ဦးက ရန်ကုန်အခြေပြုထွက်သည့် ရေကြောင်း ပို့ဆောင်ရေးအဖွဲ့မှ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာသို့ထွက်ရှိသည့် ရေယာဉ်လိုင်းများဌာနမှ တာဝန်ယူပြေးဆွဲမှု အရှုံးပေါ်ခဲ့ကြောင်း၊ သို့အတွက် ၂၀၁၂ခုနှစ် အောက်တိုဘာလမှ စတင်ပြီး ငှားရမ်းပြေးဆွဲသည့်စနစ် စတင်ခွင့်ပြုခဲ့ကြောင်း၊ ငှားရမ်းသူများတွင် လက်ရှိဌာနဝန်ထမ်းများ ဖြစ်သည့် မြို့နယ်မန်နေဂျာများ၊ ရေယာဉ်လိုက် စာရေးများ၊ ကုန်တာဝန်ခံ(စူကာနီ)နှင့် ရေယာဉ်တာဝန်ခံများစုပေါင်းငှားရမ်းကြောင်း၊ အစပိုင်းတွင် အဆင်ပြေနေသော်လည်း မော်တော်ကားလိုင်းများ တိုးချဲ့လာမှုအပေါ် လူနှင့် ကုန်ပစ္စည်းများ သွားလာသယ်ယူမှု နည်းပါးလာသဖြင့် အရှုံးပေါ်နေကြောင်း ပြောပြသည်။

မကြာမီရက်က နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်များတွင် ရေကြောင်း ပို့ဆောင်ရေးရေယာဉ်များ လူစီးခနှင့် ကုန်တင်ခများ လျှော့သည့် သတင်းများဖတ်ရှုခဲ့ရသည်။ ဈေးနှုန်းလျှော့ပြီး ပုဂ္ဂလိကရေယာဉ်များနှင့် အပြိုင်ပြေးဆွဲသော်လည်း ရေကြောင်းပို့ဆောင်ရေးရေယာဉ်များ အဖက်ဖက်က ဝန်ဆောင်မှု၊ တာဝန်ယူမှုအားနည်းသည့်အတွက် လူနှင့်ကုန်များ တိုးမြှင့်မရရှိ၍ အရှုံးပေါ်နေဆဲဖြစ်ကြောင်း ဖျာပုံ-ရန်ကုန်ပြေးဆွဲနေသည့် ဧရာဝတီရေယာဉ်ဖြင့် မကြာခဏ ခရီးသွားလာနေသူများက ဆိုပါသည်။

ငှားရမ်းပြေးဆွဲနေသူများနှင့် တွေ့ဆုံမေးမြန်းရာတွင် အခေါက်တိုင်းရှုံးနေသည့်အတွက် ငှားရမ်းရေယာဉ်များ ပြန်အပ်လိုသော်လည်း (မြစ်/ဝ) လက်ထောက်အထွေထွေမန်နေဂျာက ပွင့်လင်းရာသီ (သီတင်းကျွတ်ပြီး)မှ စဉ်းစားပေးနိုင်မည်ဆိုသည့်အတွက် ငှားရမ်းပြေးဆွဲသူများ အခက်အခဲဖြစ်နေကြောင်း ကြားသိရသည်။

ရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင်ရေယာဉ်များကို အားထားစီးသူများသည် အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ရေယာဉ်နှင့်ဝန်ထမ်းများ၏ အဖက်ဖက်က ယိုယွင်းနေမှုများ အချိန်မီပြုပြင်ပြောင်းလဲပေးရန် လိုအပ်နေပြီဖြစ်သည်။ လက်ရှိအခြေအနေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဆိုလျှင် မကြာတော့မည့်ကာလတွင် ရေယာဉ်လိုင်းများ ရပ်စဲပိတ်သိမ်းရမည်ဆိုပါက အခြေခံလူတန်းစားများ၏ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

အောင်ဝင်း(ဖျာပုံ)

စီးပွားရေးကြော်ငြာ

အောက်ပိုင်းဒေသများတွင် မိုးရာသီမျှော့များရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိ

တိုက်ကြီး အောက်တိုဘာ ၃

အောက်ပိုင်းဒေသ မိုးများသောဒေသများ၌ ကျေးလက်များတွင် မျှော့များဖမ်းယူပြီး လူငယ်လူရွယ်များ အပိုဝင်ငွေရလျက်ရှိကြောင်း သိရသည်။ မျှော့သည် လယ်မြေများ၊ ဗွက်အိုင်များ၊ ရေရှိသောချောင်းများတွင် ရှိပြီး မျှော့ရှာသောသူများသည် ရေအိုင်ထဲသို့ဆင်းကာ ရေကို ခြေထောက်ဖြင့် လှုပ်ပေးခြင်းဖြင့် ခြေထောက်၊ ခြေသလုံးများတွင် တွယ်ကပ်ကာ သွေးစုပ်သော မျှော့ကောင်များကိုဖမ်းပြီး အဝတ်အိတ်ငယ်တွင် ထည့်၍ စုဆောင်းပြီး မျှော့ဒိုင်သို့ လာရောက်ရောင်းချခြင်းဖြစ်သည်။ ကျွဲကျောင်းသားများကလည်း ကျွဲများကို ကျောင်းနေစဉ် ရွှံ့ဗွက်များ၊ ချောင်းများ၊ ရေအိုင်များသို့ ကျွဲများကို မောင်းချပြီး နာရီဝက်တစ်နာရီကြာမှ ကျွဲကိုမောင်းတင်ပြီး ကျွဲတွင်သွေးစုပ်နေသာ မျှော့များကိုခွာ၍ စုဆောင်းကာ ရောင်းချခြင်းဖြစ်သည်။ ညဘက်တွင် ဓာတ်မီးကိုဦးခေါင်းတွင်ချိတ်ကာ ဖမ်းဆီးပါက မျှော့ပိုရသည်ဟု သိရသည်။

ရွှံ့ဗွက်ထဲဆင်းပြီး လူကိုတွယ်သော မျှော့များမှာ လက်သန်းခန့်၊ တချို့ ဘောပင်ချောင်းခန့်ရှိပြီး အကောင်သေးပြီး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀မှ ၁၃၀၀၀ အထိ မျှော့ဒိုင်များမှ ဝယ်ယူလျက်ရှိပြီး ကျွဲများတွင်တွယ်သော မျှော့များမှာ ခြေမခန့်အတုတ်ရှိပြီး သွေးစုပ်ထားသော မျှော့အကြီးများကို တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ မှ ၇၀၀၀ ဈေးဖြင့် ဝယ်ယူလျက်ရှိသည်။ မျှော့ကြီးပြီးဈေးနည်းရခြင်းမှာ သွေးစုပ်ထားသော မျှော့များသည် အဆင့်ဆင့်တင်ပို့ရာတွင်လည်း မျှော့အသေးနှင့်မျှော့အကြီးရော၍ တင်ပို့လျှင်မျှော့အသေးမှ မျှော့အကြီးကို ဖောက်ဝင်ပြီး သွေးပြန်စုပ်ခြင်းဖြင့် မျှော့အကြီးများ သေဆုံးကြောင်း သိရသည်။ ထို့ကြောင့် ဈေးနှုန်းနည်းရခြင်းဖြစ်ကြောင်း မျှော့ဒိုင်က ပြောပြသည်။

မျှော့များကို ဖော့ဘူးများတွင် ရေထည့်၍ မန္တလေးသို့တင်ပို့ရကြောင်းနှင့် မန္တလေးမှ တရုတ်ပြည်သို့ ဆက်လက်ပို့ကြောင်း သိရသည်။ ဖော့ဘူးတစ်ဘူးလျှင် မျှော့ ၁၄ ပိဿာမှ ၁၅ ပိဿာ ဝင်ဆံ့ပြီး မျှော့ဒိုင်များမှ သုံးရက်တစ်ကြိမ်ခန့် ပို့ရကြောင်း၊ တစ်ခါပို့လျှင် နှစ်ဘူးခန့်ပို့ရကြောင်း၊ မျှော့တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ဈေးရှိစဉ်က နှစ်ရက်လျှင် သုံးဘူးခန့်ပို့ရကြောင်း၊ မျှော့များကို တရုတ်ပြည်မှ ဆေးဖော်ရန်အတွက် ဝယ်ယူကြောင်း သိရပြီး မည်သည့်ဆေးဖော်ကြောင်း မသိရပါ။

လူတစ်ဦးသည် နံနက်ပိုင်းမှ နေ့လယ်ပိုင်းလောက်ထိ မျှော့များဖမ်းဆီးပြီး လာရောက်ရောင်းချလျှင် ကလေးသူငယ်များ၁၀-၁၅ ကျပ်သားခန့်ရရှိပြီး လူကြီးများ ၃၀-၅၀ ကျပ်သားအထိ ရရှိသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဖမ်းယူရရှိသော မျှော့များသည် အနက်ရောင်၊ အညိုရောင်ရှိပြီး လူအပါအဝင် ကျွဲ၊ နွား၊ တိရစ္ဆာန်များကို တွယ်ကပ်ပြီး သွေးစုပ်သော အမျိုးအစားဖြစ်သည်။ မိုးရာသီတွင်သာ တွေ့ရှိရပြီး ရေမရှိသောအခါနှင့် နွေရာသီတွင် မြေကြီးထဲသို့ တိုးဝင်သွားကြောင်း သိရသည်။

တိုက်ကြီး၊ မှော်ဘီ၊ ပဲခူး၊ ပုသိမ်၊ လပွတ္တာမြို့နယ်များတွင် မျှော့အဝယ်ဒိုင်များဖွင့်ကာ ဝယ်ယူလျက်ရှိပြီး မျှော့များဖမ်းယူရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ပြည်တွင်းရေးရာ

မော်လူးလျှပ်စစ်တိုက်တန်းရှိ ဈေးဆိုင်ခန်းများအား ဒေသဖွံ့ဖြိုးရေးအတွက် လစဉ်ကြေးကောက်ခံမည်

မော်လူး အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးတွင် ရွှေဘို-မြစ်ကြီးနားမော်တော်ကားလမ်းမကြီးဘေး စည်ပင်သာယာဈေးအရှေ့ လျှပ်စစ်ရုံးနှင့်ကပ်လျက်ရှိသည့် လျှပ်စစ်တိုက်တန်းရှိ ဈေးဆိုင်ခန်းများကို မော်လူးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရန်ပုံငွေရရှိရေး အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု ကော်မတီဝင်များကဦးဆောင်ကာ အောက်တိုဘာလမှ စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်တိုက်တန်းရှိ ဈေးဆိုင်ခန်းများသည် မော်လူးကျေးရွာပိုင်မြေပေါ်တွင်ဆောက်လုပ်ထားသည့် ဆိုင်ခန်းများဖြစ်ကြောင်း၊ ယခင်က ထိုဈေးဆိုင်ခန်းများကို ဆောက်လုပ်ခဲ့သည်မှာ ခြောက်နှစ်ခန့်အထိ ငွေကြေး ကောက်ခံခြင်းမရှိခဲ့ကြောင်း၊ ယခုအခါတွင် ဈေးဆိုင်ခန်းပိုင်ရှင်များက မြို့နယ်စည်ပင်သာယာသို့ တစ်နှစ်လျှင် အနည်းဆုံး ကျပ် ၄၅၀၀ မှ ကျပ် ၁၀၅၀၀ အထိ ရောင်းချသည့် အမျိုးအမည်အလိုက် ခွဲခြားကာ ပေးဆောင်ရကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုင်ခန်းတစ်ခန်းလျှင် တစ်လကျပ် ၃၀၀၀နှုန်း ထပ်မံပေးဆောင်ရမည်ဖြစ်ရာ ဌာနနှစ်ခုသို့ အခွန်ပေးဆောင်နေရသကဲ့သို့ဖြစ်နေ သဖြင့် စည်ပင်ခွန် သို့မဟုတ် ဒေသဖွံ့ဖြိုးမှုရန်ပုံငွေကောက်ခံခြင်း နှစ်ခုအနက် တစ်ခုကိုသာ ကောက်ခံစေလိုကြောင်း၊ ၎င်းဈေးတိုက်ခန်းများမှာ ဒေသပိုင်မြေနေရာပေါ်တွင် ဒေသခံရပ်မိရပ်ဖများ၏ ဦးဆောင်မှုဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် ဆိုင်ခန်းများဖြစ်သကဲ့သို့ မော်လူးသည် မြို့အဆင့်မဟုတ်သည့်အတွက် စည်ပင်သာယာသို့ အခွန်ပေးဆောင်ရခြင်းမှာ သဘာဝမကျကြောင်း၊ စည်ပင်သာယာအခွန်ကြေးနှင့်ယခုကောက်ခံမည့် ဖွံ့ဖြိုးရေးရန်ပုံငွေများပါပေးဆောင်ရမည်ဆိုလျှင် နစ်နာရကြောင်း ဆိုင်ခန်းပိုင်ရှင်တစ်ဦးက ပြောသည်။

"အခုကောက်ခံတာက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ပါ။ ဥပမာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲနိုင်ဖို့အတွက် ရန်ပုံငွေလိုတယ်။ ဒီလိုပဲ တခြားလုပ်ငန်းတွေအတွက် လိုတဲ့ငွေကိုရနိုင်ဖို့အတွက် ရန်ပုံငွေတစ်ရပ်အနေနဲ့ ထူထောင်ဖို့ရည်ရွယ်ပြီးကောက်ခံရတာပါ။ စည်ပင်သာယာက ကောက်ခံတာ စည်ပင်သာယာနယ်နိမိတ်ထဲပါလို့လေ၊ အခုကျွန်တော်တို့ ကောက်ခံတာက ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဖို့ပါ။ ဆိုင်ခန်းတစ်ခန်းရဲ့ တန်ဖိုးဟာ အခုအချိန်မှာ သိန်းလေးငါးဆယ်ပေါက်နေတာပါ။ ပြီးတော့ ဒီဆိုင်ခန်းတွေကို ကျွန်တော်တို့ ဒေသခံရပ်မိရပ်ဖတွေက ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားတာလေ၊ စဆောက်ပြီး ခြောက်နှစ်လောက်အထိ ငွေကြေးမကောက်ခံခဲ့ပါဘူး။ အခုတစ်လ ၃၀၀၀ ဆိုတဲ့ ငွေကြေးကလည်း ရပ်ရွာဖွံ့ဖြိုးဖို့အတွက် အလှူငွေအဖြစ် ထည့်ဝင်တယ်လို့ သဘောထားစေချင်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ကော်မတီကို စနစ်တကျဖွဲ့စည်းပြီး ရသုံးငွေစာရင်းရှင်းတမ်းကိုလည်း ထုတ်ပြန်သွားမှာပါ"ဟု ဒေသဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီဝင်တစ်ဦးက ပြောကြားသည်။

မော်လူးလျှပ်စစ်တိုက်တန်းရှိ ဈေးဆိုင်ခန်းပိုင်ရှင်များအား မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသဖွံ့ဖြိုးမှုကော်မတီဝင်များက အောက်တိုဘာ ၂၅ ရက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ခေါ်ယူတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေအဖြစ် ဆိုင်ခန်းတစ်ခန်းလျှင် ကျပ် ၃၀၀၀ နှုန်းကောက်ခံမည်ဖြစ်ကြောင်း အသိပေးညှိနှိုင်းရှင်းလင်းပြောကြားခဲ့ကြောင်း လျှပ်စစ်တိုက်တန်းတွင် ဈေးဆိုင်ခန်းပေါင်း ၃၄ ခန်းရှိပြီး ၁၉၉၇ ခုနှစ် ပတ်ဝန်းကျင်က စတင်ဆောက်လုပ်ခဲ့သည်ဟု သိရသည်။

(ခင်မောင်ဆွေ-မော်လူး)

၂၀၁၃ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဗဟိုအဆင့်စာစီစာကုံးပြိုင်ပွဲ ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကပစ(၁)မှ နဝမတန်းကျောင်းသူ မဇင်နှင်းသူအား ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်းမှ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ **(၀၉၂)**

ကျောက်တန်းမြို့၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

ကျောက်တန်း အောက်တိုဘာ ၃

နိုင်ငံတော်မှ မြို့ရွာများဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လွယ်ကူစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးနေချိန်တွင် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့တွင်းရှိလမ်းများ ကောင်းမွန်တိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ မြို့နယ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျောက်တန်းမြို့ ရပ်ကွက်အချို့တွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများအား မိမိတို့၏လမ်းအလိုက် လမ်းခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အနောက်ပိုင်းရပ်ကွက် သူရိယလမ်း လမ်းသူလမ်းသားများမှ အရှည် ပေ ၁၂၅၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်းကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ပြီးဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက်က တွေ့ရသည်။ ထိုလမ်းခင်းရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဘိလပ်မြေအိတ် ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လမ်းပြီးမြောက်သွား၍ ကျိုက်မော်ဝန်းရေလယ်စေတီတော်သို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးများနှင့် အခါကြီးနေ့ကြီးများ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ရေလယ်ဘုရားလမ်းတစ်လျှောက် မော်တော်ယာဉ်များ ပိတ်ဆို့လေ့ရှိရာ အဆိုပါလမ်းကို ဖြတ်လမ်းအဖြစ်အသုံးပြုကာ ကားသေး၊ ကားလတ်များအား အသုံးပြုစေခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ကျောက်တန်းမောင်မောင်မြင့်ငွေ)

စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခွဲက မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မီးရထားခုံးကျော်တံတားဘေးနှင့် မြို့နယ်လျှပ်စစ်ရုံးရှေ့လမ်းမပေါ်၌ ရေများအိုင်နေပြီး အများပြည်သူသွားရေးခက်ခဲလျက်ရှိသည်ကိုတွေ့ရစဉ်။ **(၆၈၄)**

ကျေးရွာလုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်

ကဝ အောက်တိုဘာ ၃

ကဝမြို့နယ် ကံပေါ်ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကျေးရွာလုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးလှငွေး၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝေမိုးလွင်နှင့် တောင်သူများတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးက လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက တောင်သူ ၁၃၂ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(၅၇၈)**

စီးပွားရေးကြော်ငြာ

ROYAL CROWN
2004 G-Grade
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
၆၈/-- (အနက်ရောင်) သိန်း ၂၈၀
ဖုန်း-၀၉ ၄၇၀၄၁၃၄၁

အမြန်ရောင်းမည်
ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ ဂုတ်ခြံ၊
(၀. ၃၇)ဧက ဘိုးဘွားပိုင်မြေ
ဖုန်း-၀၉၃၂၂၉၉၇၇၇၂၊ ၀၉၅၁၂၀၇၇၇
(ရုံးချိန်အတွင်း)



အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကွင်းအမှတ် (၁၇၁. ခ)၊ ဝါးကောက်တောအရှေ့မြောက်ကွင်း၊ မြေကွက်အမှတ်(၃၁၀)၊ ဦးပိုင်အမှတ်(၂၂)၊ အမှတ်(၂၆)၊ ထန်းပင်ချောင်ကျေးရွာအုပ်စုဟုခေါ်တွင်သော ဧရိယာ (၂၀)ဧကရှိ ဥယျာဉ်ခြံမြေ၊ ယင်းဥယျာဉ်ခြံမြေနှင့် ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို နိုင်ငံသားအမှတ် [၇/ပခန(နိုင်)၁၇၈၅၃၂]ကိုင်ဆောင်သူ ဦးစိုးလှိုင်(ခ) ဦးအောင်အောင်မိုး လက်ရှိပိုင်ရှင်ဟု အဆိုရှိသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့် ပစ္စည်းတန်ဖိုး၏ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်မှုအား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဟသ်ာတဦးခင်ဇော် LL.B, D.B.L — **ဒေါ်ခင်ချစ်ချစ်ဇော်**
D.L.P, WIPO (Switzerland) — **LL.B, D.B.L, D.I.L, D.L.P, WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၅၃) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၄၈)**
ဒေါ်ခင်သက်သက်ဇော် (LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၄၀၇၆၆)
အမှတ်(၅၈)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၄၅၁၀၂၊ ၀၉-၄၃၁၀၆၇၂၅၊ ၀၉-၄၂၀၁၅၇၆၅၂

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၅၆)ပေါ်တွင် ဆောက်လုပ်ဆဲဖြစ်သော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ် (၄-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်းပေ (၁၇×၅၅)ရှိ အခန်းမှာ မြေရှင်ဦးကျော်ကျော်ဦး [၁၂/သဃက(နိုင်)၁၁၀၄၁၀]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသောအခန်းဖြစ်၍ ကျွန်ုပ်တို့၏ မိတ်ဆွေမှ အဆိုပါအခန်းအားဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေလိုသည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးညဏ်ဝင်း — **ဒေါ်စန်းမာလာညွှန့်** — **ဒေါ်မျိုးပပအောင်**
(စဉ်-၁၂၀၃) — **(စဉ်-၆၄၆၂)** — **(စဉ်-၃၉၂၀၁)**
တရားလွှတ်တော်ရှေ့နေများ — **အထက်တန်းရှေ့နေ**
အမှတ်-၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၃၂၀၂၇၄၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈-B^၂၊ မြေကွက်အမှတ်(၆၈/၈၀)၊ မြေကွက်တည်နေရာ အမှတ်(၄)၊ ပန်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် (ဦးဝင်းဖေ၊ ဒေါ်စိုးစိုးမော်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းဖေ ကွယ်လွန်သဖြင့် ဒေါ်ခင်အေး [၁၂/စခန(နိုင်)၀၂၉၈၀၀]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ကျန်အမည်ပေါက်တစ်ဦးဖြစ်သူဒေါ်စိုးစိုးမော်[၁၂/စခန(နိုင်)၀၃၀၃၁၃)နှင့်အတူပူးတွဲ၍ ဦးဝင်းဖေအစုအား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် ၎င်းတို့ထံမှ ကိုယ်စားလှယ်လွှဲစာရရှိသူ GP ဦးတင်မောင်အေး (GP-၁၄၆၃၂/၂၀၁၃) [၉/ခအဇ(နိုင်)၀၁၂၃၆၇]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာဖြင့် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂုဏ်ပြုဆုတောင်းလွှာ

ဂျပန်နိုင်ငံမှ အလုပ်လုပ်ကိုင်ပြီး ပြန်လည်ရောက်ရှိလာသော စီးပွားရေးလုပ်ငန်းရှင်အများစုနှင့်ဖွဲ့စည်းထားသော Myanmar Native Land Public Co.,Ltd (မြန်မာ့ဇာတိမြေအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)သည် မှတ်ပုံတင်အမှတ် ၂၆၇၅/၂၀၁၃-၂၀၁၄ ဖြင့် ၂-၉-၂၀၁၃ရက်တွင် တရားဝင်မှတ်ပုံတင်လက်မှတ်ရရှိပြီး ယနေ့မှစ၍ နှစ်ပေါင်းများစွာတိုင်အောင်(ကမ္ဘာတည်သရွေ့)တိုးတက်အောင်မြင်မှုများစွာ ရရှိ၍ ဂုဏ်ကျက်သရေမြင့်မားစွာဖြင့် အများအကျိုးပြုလုပ်ငန်းများအား စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဦးသိန်းလင်းဇော်	ZMH Universal Trading Co.,Ltd
ဦးဗညားဇော်	359 Group International Group Co.,Ltd
ဦးအောင်ကျော်ဦး	Myanmar Kaido Company
ဦးသက်ဇော်	Multi Gadae Gadar Co., Ltd
ဦးအေးမင်း	Yoke Trading Co., Ltd
ဦးဇော်မျိုးလွင်	Shwe Myanmar Furniture & Home Decoration
ဦးဟန်သော်ဇေ	AOA Co.,Ltd
ဒေါ်နီနီမာ	Belle Resort
ဒေါ်နွယ်နီဇော်	Nippon Trinity Japanese Language & Culture Traning Centre
ဦးဌေးအောင်မိုး	Desire Services and Consultancy
ဦးဝင်းနိုင်	Win Japanese Language School (Win&Moe International Co., Ltd)
ဦးမြတ်လွင်	Virtue International Limited မိသားစု (Overseas Employment Agency)
ဦးလှစိုး	SUSHI HOUSE MYANMAR မိသားစု
ဦးမောင်စိန်	GIG General Investment Group
ဦးညဏ်လင်း	Shan Maw Myae Co.,Ltd
ဦးဇော်နိုင်ဝင်း	United Power Trading Co.,Ltd
ဦးမြင့်သန်း	Myint Hein Kyaw Construction Company Limited
ဦးအောင်သူရမျိုး	Htet Mandai Construction Co., Ltd
ဦးအောင်အောင်	Ahtar Oo Co., Ltd
ဒေါ်ထူးထူးအောင်	Treasure For Life Co., Ltd & Group

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Luckly Family Trading Co.,Ltdတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) အရောင်းဝန်ထမ်း ဈေးကွက်ရှာဖွေသူ ကျား/မ (၅) ဦး
(၂) စကားပြန် (ကိုရီးယား) ကျား/မ (၅)ဦး
(၃) ကိုရီးယားကားပြင်နိုင်သူ ကျား (၅) ဦး
(အင်္ဂလိပ်လို ပြောနိုင်သူကို ဦးစားပေးမည်။)

လျှောက်ထားလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ **အမှတ်(၆/၇)၊ အေဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉- ၃၁၅၂၉၄၂၃၊ ၀၉-၃၁၅၂၉၆၃၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့မြေကွက်အမှတ်(၃၅၅)၊ဧရိယာ(၂. ၂၃)ဧကကို အမည်ပေါက် ဦးမင်းအောင်[၁၂/ကမတ(နိုင်)၀၅၀၉၉၄]ထံမှ ဦးမင်းကောင်းဝင်း [၁၃/လရန(နိုင်)၀၆၄၉၀၀]ကလည်းကောင်း၊ဦးမင်းကောင်းဝင်းထံမှ ဦးအေးသောင်း [၁၂/ကမတ(ဧည့်)၀၀၀၀၇၉]ကလည်းကောင်း၊ဦးအေးသောင်းထံမှ ဦးဇော်ဇော်ဝင်း[၁၂/လမတ(နိုင်)၀၀၀၉၈၂]ကလည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့ကြပြီး နောက်ဆုံးဝယ်ယူထားသူ ဦးဇော်ဇော်ဝင်းမှ ၎င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁)၊ မြေကွက်အမှတ် ၂၅/ခ၊ မြေကွက်တည်နေရာအမှတ်(၂၅/ခ)၊ မေတ္တာလမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးကျော်ငြိမ်း၊ ဒေါ်ခင်သိန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ငြိမ်း ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်သိန်း[၁၂/ဥကတ(နိုင်)၀၁၁၈၄၁]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ချက်တည်းကျင်းဝင်

ဦးအောင်စိုးတင့် (CEO-FIVE GREAT SERVICE Co.,Ltd) သည် သန်လျင် ဂေါက်ကလပ်၌ ၂၉-၉-၂၀၁၃ ရက် ညနေ ၃း၃၀ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ (၁၁၀)ကိုက်အကွာမှ TOURSTAGE 30 ဘောလုံးအား AW SRIXON (GIE) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးယဉ်ထွေး(ခိုင်မြဲ)၊ ဦးကျော်စိုးမိုး၊ စိုင်းသက်ထွေး၊ ဦးစိုးနိုင်(ယူနန်ဟော့ပေါ့) တို့နှင့်အတူ ကစားခဲ့ကြပါသည်။

ရုံးခန်းလိပ်စာ(ရန်ကုန်)နှင့် ဖုန်းနံပါတ်ပြောင်းလဲခြင်း

APEX Airline Public Company Limited ၏ ရန်ကုန်ရုံးကို အောက်ဖော်ပြပါလိပ်စာသို့ ဩဂုတ်လ ၁၉ ရက်၊ ၂၀၁၃ ခုနှစ်မှစတင်ကာ ပြောင်းရွှေ့ထားပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

APEX Airlines

Ground Floor, Seasons of Yangon,

Yangon International Airport Hotel, Mingalardon Tsp., Yangon, Myanmar.

Tel: (01) 533 300~311, Fax: (01) 533 312

Email: HO@apexairline.com

Website: www.apexairline.com

FB: www.apexairline.com/APEXAIRLINESMM

Career Opportunities

(1). Captains (ATR 72)

(2). First Officers (ATR 72)

(3). Senior Cabin Crew Flight Attendants

- Experience 1 year & above.
- Age 20 to 30 years.
- Fluent in English (both written & speaking).
- Pleasant appearance (Please provide one passport size photo and one (4"x6") photo with standing position.

(4). Cabin Crew Flight Attendants

- Age between 18 and 25 years as at 1st November 2013.
- Fluent in English (both written & speaking).
- Pleasant appearance (Please provide one passport size photo and one (4"x6") photo with standing position.

(5). Chief Engineer

- Possess a valid B1 or B2 License, recognized by Department of Civil Aviation (DCA) Myanmar, with type rating on the ATR 72 aircraft with managerial experience.

(6). Aircraft Engineers

- Bachelor / Master in Engineering or similar Degree.
- MCAR B1 or B2 License holder with approval on ATR 72.

(7). Quality Management Representative

- Must be a graduated.
- Minimum (3) years experience in preparation of the required documents & Manuals for ISO 9001 Certificate.

(8). Admin Officer

- Must be graduated, preferred MBA/ MPA
- Minimum (3) years experience in office administration as a supervisory position

(9). HR Officer

- Must be graduated, preferred MBA/ MPA
- Minimum (3) years experience in office administration as a supervisory position

(10). Purchasing Officer

- Must be a graduated.
- Minimum (3) years experience in supervisory or managerial position in purchasing spares or components and related for airline industry usage.
- Managing Export Declaration and Import Declaration process and Custom clearance procedures.
- Dealing and liaising with Officials from Trade, Custom and Department concerned.
- Managing accounts and claims for document and other government taxes.

(11). Sales & Marketing Officer

- Must possess a bachelor's degree. MBA / MPA degree is an advantage.
- Minimum (5) years of experience in a supervisory or executive position in marketing or sales. (Airline, tourism or hotel industry is preferred).
- Fluent in English (both written & speaking).

(12). Research & Development Officer

- Bachelors or advanced degree in business, or the sciences.
- Minimum (3) years experience in Market Research with managerial and or supervisory experience.
- Experience in a wide array of consumer products or service industry.
- Familiar with research methodologies.
- Strong analytic skills with experience in statistical modeling and analysis.
- Fluent in English (both written & speaking).

အလုပ်လျှောက်လွှာများကိုကိုယ်ရေးရာဇဝင်နှင့်တကွ သက်ဆိုင်ရာ ထောက်ခံစာများဖြင့်

APEX Airline Public Co., Ltd.

Ground Floor, Seasons of Yangon, Yangon International Airport Hotel, Mingalardon Tsp., Yangon, Myanmar.

Tel: (01) 533 300~311

Fax: (01) 533 312

(သို့မဟုတ်)

jobs@apexairline.com သို့လျှောက်ထားနိုင်ပါသည်။

Website: www.apexairline.com

အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးမှသတင်းစာပုံနှိပ်လုပ်ငန်း အသုံးပြုပြီးစွန့်ပစ်ပစ္စည်း (၃)မျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးတွင် အခမဲ့လာရောက်ယူနိုင်ပြီး ၇-၁၀-၂၀၁၃ရက် ၁၂း၀၀နာရီအရောက် လေလံအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက် နောက်ကျသော လေလံလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ စွန့်ပစ်ပစ္စည်း(၃)မျိုးလုံးဝယ်ယူမည့်သူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၁၆၄နှင့် ၀၉-၅၂၁၄၃၅၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံစိစစ်ရောင်းချရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး
ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊
တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်စီမံကိန်းဦးစီးရုံး[အမှတ်-၁၄/၁၊ ပဲခူးမြစ်လမ်း၊ ၉၁ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်] ပြန်လည် ပြင်ဆင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၁၀-၂၀၁၃ရက်နေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး [အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်း]တွင် အခမဲ့ထုတ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါကို ၁-၁၁-၂၀၁၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်နှင့် စည်းကမ်းများကို ဖုန်းအမှတ်-၀၁-၂၃၀၁၂၅၈၊ ၀၁-၂၃၀၁၂၅၇ များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ခေါ်ယူရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန၏ တောင်ငူ-ကမာနက် ၅၀၀ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းတည်ဆောက်ရန်အတွက် လိုအပ်သော Survey တိုင်းတာခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် နိုင်ငံခြားကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်နိုင်သော ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန် တင်ဒါခေါ်ဆိုလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	- ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၄-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတိုနှင့် ရန်ကုန်ဆိပ်ကမ်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ယူလိုပါသည်။

၂။	တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၇-၁၀-၂၀၁၃ရက်
၃။	တင်ဒါပိတ်မည့်ရက်	- ၁၀-၁၀-၂၀၁၃ရက်
၄။	တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

CROWN EDUCATION

Please Register Now : 01 527 838 / 09 730 40 488

US ခရီးသည် နှင့် ကိုယ်တွေ့အမေရိကား

"ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်"
CROWN MAJESTA
Model 2004 - Connection 4.5
Kilo 4 သောင်းကျော် - Colour Silver
Number - စဝီ

ဦးကျော်လင်း

မြင့်မြန်မာ

SAYA-TONY
Since 1989
* IELTS / TOEFL (iBT)
- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Advanced General English (AGE)
- Basic Grammar & Essay (BGE)
- Phonetics & Intonation Course (PIC)
- Tour-guide Training Course (TGTC)

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါသည်။

GL
Ph: 09-73040050, 09-73040051, 09-73040052

S.I.E.C Have fun & Learn
• Pre-School (Mon-Fri) 2 - 5 yrs
▸ English, Myanmar, Chinese, Maths, Science, Arts & Craft, Music & Computing
Enroll Now
Singapore Curriculum, International Standard

ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း အလှူဖိတ်ကြားခြင်း

(ကကထုတ်) ကပစ တပ်ဖွဲ့အငြိမ်းစားများ၏ (တတိယအကြိမ်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မိတ်ဆုံစားပွဲ တက်ရောက်ပါရန် ကပစ အငြိမ်းစားများအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၆-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန်	-	နံနက် ၉း၃၀ နာရီတိတိ
နေရာ	-	မြောက်ဥက္ကလာပမြို့နယ်ခန်းမ။

အလုပ်အမှုဆောင်အဖွဲ့

MRJ Special Road Show
Clearance Sale ITEM
Notebook & Destop
LUCKY DRAW
489,000
586,000

Android Mobile Repair Guide
Huawei, Samsung, HTC, LG, Sony
(Ray Electronic)

မဟာရင်ဂိုဏ်းချုပ် ဘဒ္ဒန္တအာဒိစ္စ သက်တော်ရှည်ဆရာတော်ကြီးအား ပူဇော်ပွဲ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကတိုးကျေးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ၊ မဟာရင်ဂိုဏ်းချုပ်ဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက/အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ "ဘဒ္ဒန္တအာဒိစ္စ" သက်တော်ရှည်ဆရာတော်ကြီးအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီး၍ ချီးကျူး ပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ခမ်းနားကြီးကျယ်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ဒါယကာ၊ ဒါယိကာမများ ရဟန်းသံဃာများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၈)ရက်၊ ၁၂-၁၀-၂၀၁၃ ရက် (စနေနေ့)
အချိန်	-	ဆွမ်းဆက်ကပ်ခြင်း-နံနက် ၁၀း၃၀ နာရီ
ပူဇော်ပွဲကျင်းပခြင်း	-	မွန်းလွဲ ၁၂း၃၀ နာရီ
ဆွမ်းခြောက်လောင်းလှူခြင်း	-	မွန်းလွဲ ၁း၃၀ နာရီ

(ဧည့်ပရိသတ်များအား ၁၀ နာရီမှစ၍ မွန်းလွဲစာဖြင့် ဧည့်ခံပါမည်။)

နေရာ	-	မွန်ပြည်နယ်၊ မုဒုံမြို့၊ ကော့ခပုံကျေးရွာ "သာသနဝေပုလ္လာရာမကျောင်းတိုက်"

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အာကာမိုး၏ PP.No M 979837 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။

မီး သတိပြု

(AS)
English Speaking/Phonetics/Grammar

Hardless
Mineral water from all your taps
True Value
HOT LINE : 09-73154644
- PH

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ မခင်သီတာဝင်း [၁၄/ပသန(နိုင်)၀၀၀၁၀၁]ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ မခင်သီတာဝင်း[၁၄/ပသန(နိုင်)၀၀၀၁၀၁] ကိုင်ဆောင်သူမှ ၁၉-၉-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂၁-၉-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဦးသန်းထွန်း အမှတ်-၁၆၉၃၊ ပန်းတင်ကုန်းရပ်၊ အမှတ်(၅)ရပ်ကွက်၊ ဝင်းရတနာစတိုး၊ ရွှေပြည်သာဈေးကြီး၊ ပုသိမ်မြို့နေသူနှင့်အများသိစေရန် ကြေညာချက်တွင် ဖော်ပြပါရှိသော ဦးသန်းထွန်းသည် အမှတ်-၁၆၉၃ ပန်းတင်ကုန်းရပ်၊ အမှတ်(၅)ရပ်ကွက်တွင် လုံးဝနေထိုင်ခြင်းမရှိပါကြောင်းနှင့် ဝင်းရတနာစတိုးမှာလည်း ကျွန်မမာမာစိန်၏ စတိုးဆိုင်သာ ဖြစ်ခြင်းကြောင့် နောက်နောင်တွင် ကျွန်မ၏ဝင်းရတနာစတိုးဆိုင်ကို ထင်ယောင်ထင်မှားဖြစ်အောင် ထည့်သွင်းကြေညာခြင်းကိုတားမြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ထပ်မံ၍ ကျွန်မပိုင်ဝင်းရတနာစတိုးနှင့်ပတ်သက်ပြီး ထိခိုက်နစ်နာစေမည့် ကြေညာချက်များပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မမာမာစိန်
ဝင်းရတနာစတိုး
ရွှေပြည်သာဈေး၊ ပုသိမ်မြို့

Student's Guide
အထွေထွေသိပ္ပံ
Grade 6 to Grade 9

တမလွန်ဘဝသို့ပြောင်းသွားကြပြီဖြစ်သော ရွှေတိဂုံစေတီတော် စနေထောင့်အောင်ရွှေထီးအမိဌာန်အဖွဲ့ အသင်းသူ/သားများအတွက် အမျှပေးဝေသာဓုခေါ်ခြင်း

ရွှေတိဂုံစေတီတော်စနေထောင့် အောင်ရွှေထီးအမိဌာန်အဖွဲ့ စတင်တည်ထောင်သည့်နေ့မှစ၍ ယနေ့ (၄၈)နှစ်တာ ကာလအတွင်း တမလွန်ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်ကြကုန်သော ဓမ္မမိတ်ဆွေ(၂၂၀) ကျော်တို့အား အောက်မေ့လွမ်းဆွတ် သတိရသည့်အနေဖြင့် အောင်ရွှေထီးအမိဌာန်အဖွဲ့၏ နာယကကြီး ဆရာဦးလှရီမိသားစုမှ အလှူဒါနပြု အမျှပေးဝေ၍ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေကြောင်း ကျန်ရစ်သူဓမ္မမိတ်ဆွေများအား သိစေအပ်ပါသည်။

ရွှေတိဂုံစေတီတော်
စနေထောင့်အောင်ရွှေထီးအမိဌာန်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးကို(ပုလိပ်)
ဦးမျိုးဝေ(ကျုံမငေး)

ပုလိပ်-တမာ ပိုးသတ်ဆေးစက်ရုံမှူး(ငြိမ်း) ဦးအေးကိုသည် ၉-၉-၂၀၁၃ ရက်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း) ဦးမျိုးဝေသည် ၂၆-၉-၂၀၁၃ ရက်တွင်လည်းကောင်း ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၀ ဘွဲ့ရ B.Ag သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

